**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၉)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၅.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက် ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၂၃-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ပါတီဗဟိုအစည်းအဝေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်ချန်ပီယံ ဆုချီးမြှင့်ပွဲအခမ်းအနား။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပဲခူးတိုင်းဒေသကြီး မြေစစ်အစည်းအဝေးတက်ရောက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် ပန်ကြား တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၃၃) ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ မယ်စဲမြို့နယ်၊ ဟိုစဲ့ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် လူနာတင်ယာဉ် (Ambulance) ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းပန်ဖ က ကယားပြည်နယ်၊ မယ်စဲမြို့နယ်၊ ဟိုစဲ့ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် လူနာတင်ယာဉ် (Ambulance) ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီအစဉ်ပါ ခေါင်းစဉ်အတိုင်း မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ အရင်အုပ်စိုးသူတွေတုန်းက ရုပ်ပြ ဖွံ့ဖြိုးမှုနောက်ကို လိုက်ခဲ့ကြပါတယ်။ ရုပ်ပြဖွံ့ဖြိုးမှုနောက်ကိုလိုက်တာ မှားတယ်လို့ မဆိုနိုင်ပေမယ့် အခြေခံလိုအပ်ချက်တွေများတဲ့ ကျွန်တော်တို့နိုင်ငံအနေအထားနဲ့ဆိုရင် ရုပ်ပြဖွံ့ဖြိုးမှုတွေဟာ အဓိက မကျပါဘူး။ ဒါကြောင့်ပဲ ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းတွေ ဆောက်ခဲ့ပြီး ပြန်ကြည့်ရင် ရာခိုင်နှုန်းခပ်များများဟာ လွဲနေတာတွေ့ရမှာဖြစ်ပါတယ်။ အရင်က စီမံချက်အမှားတွေကို ကျွန်တော်တို့က အခြေခံလိုအပ်ချက်တွေနဲ့ ကုစားပြီး ပြောင်းလဲရမှာဖြစ်ပါတယ်။ အောက်ခြေက အများစု တကယ်လိုအပ်နေတာက ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းတွေမှာ ဆေးရှိဖို့၊ ဆရာဝန်၊ ဆရာမရှိဖို့ အောက်ဆီဂျင်ဘူး၊ အသက်ကယ်ဆေး၊ မြွေဆိပ်ဖြေဆေး၊ နောက်ပြီး လိုအပ်တဲ့ဆေးကိရိယာတွေပါတဲ့ လူနာတင်ယာဉ်တွေ ဖြစ်နေတာ တွေ့ရမှာဖြစ်ပါတယ်။ အဆောက်အအုံပဲရှိပြီး ဆရာဝန်မရှိ၊ ဆရာမ မရှိ ဆေးမရှိရင် ဘယ်သူမှ မကုပါဘူး။ နောက်ပြီး ဆေးရုံနဲ့ (၅)မိုင် (၆)မိုင်လောက်ပဲဝေးတဲ့ ကျေးလက် ဆေးခန်းတွေမှာဆိုရင် သူ့ထက်ပိုပြည့်စုံတဲ့ ဆေးရုံကို ပြေးကုကြပါတယ်။ ဒါကြောင့် အောက်ဆီဂျင်ဘူးတို့၊ အသက်ကယ်ဆေးတို့၊ ဆေးကိရိယာ အစုံအလင်ပါတဲ့ လူနာတင်ယာဉ်တို့ အမှန်တကယ်လိုအပ်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ရပ်ထဲ၊ ရွာထဲကတောင် မနေနိုင်လို့ လူမှုရေးအသင်းတွေထူထောင်ပြီး လူနာတင် ယာဉ်တွေ ကူညီနေတာ ကြည့်ခြင်းအားဖြင့်လည်း သိနိုင်ပါတယ်။ တစ်နိုင်ငံလုံး အခြေခံလိုအပ်ချက်တွေ ရှိနေတဲ့အထဲက ကျွန်တော့်မဲဆန္ဒနယ်က ဟိုစဲ့ကျေးရွာကို သာဓကထိုးပြပြီး ဦးစားပေး တောင်းဆိုမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုစဲ့ကျေးရွာမှာ အိမ်ခြေ(၃၀၀)ကျော်ရှိပြီး လူဦးရေ (၁၅၀၀)ကျော် နေထိုင် ပါတယ်။ မယ်စဲမြို့နဲ့ (၃)မိုင်လောက်ပဲဝေးပြီး ဆိုင်ကယ်၊ ကား၊ ထော်လာဂျီနဲ့သွားရင် မိနစ်(၂၀)နဲ့ မိနစ်(၃၀)ကြားမှာပဲ ကြာမှာဖြစ်ပါတယ်။ ဟိုစဲ့ကျေးရွာမှာ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျေးလက် ကျန်းမာရေးဌာနရှိပါတယ်။ အရေးကြီးလူနာ၊ ခွဲစိတ်ရမယ့်လူနာ၊ ခွဲစိတ်မွေးရမယ့် မွေးလူနာတွေဆိုရင်

ကျေးလက်ကျန်းမာရေးဌာနနဲ့ မကုသနိုင်ပါဘူး။ ဆရာဝန်ရှိတဲ့ မယ်စဲမြို့ကို ကား၊ ထော်လာဂျီနဲ့ ပြေးကုကြရပါတယ်။ ဒီလို မပြေးကုခဲ့ရင် အချိန်(၅)မိနစ်၊ (၁၀)မိနစ်ဆိုတာလည်း လူနာအတွက် အလွန်အရေးကြီးပါတယ်။ ဒီအရေးကြီးတဲ့အချိန်လေးမှာ ဆေးပေးခန်းမှာ အောက်ဆီဂျင်ဘူး၊ အသက်ကယ်ဆေး၊ မြွေဆိပ်ဖြေဆေး စတာတွေမရှိပါဘူး။ နောက်ပြီး ကျေးလက်ဆေးပေးခန်းမှာ အခြေခံလိုအပ်ချက်တွေ မရှိတဲ့ကြားက မယ်စဲဆေးရုံကို ပြေးကုဖို့ အောက်ဆီဂျင်ဘူးတို့ လိုအပ်တဲ့ ဆေးကိရိယာတွေပါတဲ့ လူနာတင်ယာဉ်လည်းမရှိပါဘူး။ ဒါကြောင့် ဟိုစဲ့ကျေးရွာက တောင်းဆိုနေတဲ့ လူနာတင်ယာဉ် ချပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သူနာပြုသားဖွားဝန်ထမ်းများ၏ စားစရိတ်နှင့် ဝတ်စုံစရိတ် (ပေါင်း ၃၅ ကျပ်)ကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ က သူနာပြုသားဖွားဝန်ထမ်းများ၏ စားစရိတ်နှင့် ဝတ်စုံစရိတ် (ပေါင်း ၃၅ ကျပ်)ကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်များ ကာယစိတ္တ၊ သုခနှစ်ဖြာနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ မေတ္တာဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ သူနာပြုသားဖွားဝန်ထမ်းများအတွက် လက်ရှိပေးနေတဲ့ စားစရိတ် ကျပ်(၃၀)နဲ့ ဝတ်စုံစရိတ်(၅)ကျပ်၊ ပေါင်း(၃၅)ကျပ်ဆိုတဲ့ လွန်ခဲ့သော နှစ်(၃၀)ကျော် ၁၉၈၆ ခု၊ မတိုင်ခင်ကတည်းက သတ်မှတ်ထားတဲ့ နှုန်းထားများကို မျက်မှောက်ခေတ် ငွေတန်ကြေး ကုန်ဈေးနှုန်းတို့နဲ့ လျော်ညီအောင် ပြုပြင်မှုပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူနာပြုနှင့်သားဖွားဝန်ထမ်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ရှိကြတဲ့ ဝန်ထမ်းများအနက် အရေအတွက် အများဆုံးလို့ သိရပါတယ်။ ယနေ့အချိန်မှာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစီမံချက် (Universal Health Coverage) အကောင်အထည်ဖော်နေချိန်လည်းဖြစ်တာနဲ့အညီ ကျန်းမာရေးအသုံးစရိတ်တွေကို နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ တိုးမြှင့်ပေးသုံးနေခြင်းလည်းရှိပါတယ်။ ဒါတွေနဲ့ပဲ ဆေးရုံ၊ ဆေးခန်းတွေကို အဆင့်တိုးမြှင့်ပေးတာတို့ အသစ်တိုးချဲ့ပေးတာတို့၊ လုပ်ပေးနေသလို ကျန်းမာရေးဝန်ဆောင်မှုပေးရာမှာ အရေးကြီးသော ကဏ္ဍကနေ ပါဝင်နေတဲ့ သူနာပြုသားဖွားများကိုလည်း ရုပ်ပိုင်းဆိုင်ရာ ဝတ်စားဆင်ယင်မှုနဲ့ စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရား၊ ပညာရပ်နယ်ပယ်တို့မှာပါ တိုးတက်မှုရှိအောင် CME သင်တန်းတွေနဲ့ ဘက်စုံဖွံ့ဖြိုးအောင် လုပ်ပေးနေတယ်ဆိုတာလည်း သိရပါတယ်။ ဝတ်စုံမှာဆိုရင် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊

ဇန်နဝါရီကစပြီးတော့ သူနာပြုတွေကို ဝတ်စုံ(၂)မျိုး အသစ်ထုတ်ပေးထားတယ်လို့ သိရပါတယ်။ တစ်မျိုးကို မူလရှိတဲ့ ဝတ်စုံကို ပွဲတက်ဝတ်စုံအဖြစ်ထားပြီးတော့ နောက်ပေးတဲ့ နှစ်စုံကိုတော့ ဒါ အဆင့်အလိုက် မတူညီတဲ့ Cap ခေါင်းဆောင်းတွေနဲ့ ရာထူးအဆင့်အလိုက် ပြုလုပ်ပေးထားတယ်လို့ ဆိုပါတယ်။ သန့်ရှင်းမှုအတွက် သန့်ပြန့်သန့်ရှင်းမှုအတွက် အဖြူရောင်ကို သုံးထားတာကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ ဆိုလို့ရှိရင် သူနာပြုတွေကို လုပ်ငန်းခွင်မှာ စိတ်ဓာတ်ခွန်အားတွေ အထိုက်အလျောက် တိုးတက်အောင် နိုင်ငံတော်က ပံ့ပိုးပေးတယ်လို့ ယူဆပါတယ်။ အဲဒီဝတ်စုံတွေကို ချုပ်ဖို့ရာ သာမန်ပိတ်စနဲ့ချုပ်ရင်တောင်မှ ကျပ်(၂၀၀၀၀)နဲ့အထက် ကုန်တယ်လို့ ဆိုပါတယ်။ သူတို့တစ်တွေရဲ့ လစာကို လေ့လာကြည့်တော့ လွန်ခဲ့သောနှစ်(၃၀)ကျော် ၁၉၈၆ ခုနှစ်လောက်က Train Nurse လို့ခေါ်တဲ့ ထမိန်အနီဝတ် သူနာပြုတွေရဲ့ လစာဟာ ၂၁၀-၁၅-၃၃၀ စကေး ရှိခဲ့ပါတယ်။

အခုအခါမှာ အဲဒီစကေးက ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ ဘားဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ ထိုစဉ်အခါက ထမင်းတစ်ပွဲရဲ့တန်ဖိုးဟာ (၅)ကျပ်ကနေ (၁၀)လောက်အထိ ရှိခဲ့ရာက အခုတော့ အနည်းဆုံး(၁၀၀၀)ကနေ အများဆုံး(၅၀၀၀)လောက်အထိရှိမှ ထမင်းတစ်ပွဲစားလို့ ရပါတယ်။ သူတို့ အတွက် ပေးထားတဲ့စရိတ်ငွေ(၃၅)ကျပ်ဆိုတဲ့ ကိန်းဂဏန်းကိုလည်းပဲ အခုတိုးထားတဲ့ လစာနဲ့ အချိုးကျ ကြည့်မယ်ဆိုရင် (၂၈၀၀၀)နဲ့(၃၀၀၀၀)လောက် အထိ ရောက်သင့်နေပါတယ်။ ယနေ့ နေပြည်တော်နဲ့ ရန်ကုန်၊ မန္တလေးတို့က ပြင်ပဆေးရုံတွေမှာ ပေးထားတဲ့သူနာပြုတွေရဲ့ လစာဟာဆိုရင် (၃၂၀၀၀၀)က နေပြီးတော့ (၅၀၀၀၀၀)အထိရှိတယ်လို့လည်း ကြားသိရပါတယ်။ ခွဲစိတ်ခန်းမှာ ဝင်ကူပေးနိုင်တဲ့ ဆရာမတွေဆိုလို့ရှိရင် ဘောက်ဆူးရလို့ လစဉ် (၁၀)သိန်းလောက်အထိ စီတယ်လို့လည်း သိရပါတယ်။ ဒီတော့ ဌာနကပေးတဲ့ လစာတိုးပေးထားတယ် ဆိုပေမယ့်လို့လည်း လက်တွေ့မှာ လောက်ငှမှု မရှိကြ လို့မို့လို့ လုပ်ငန်းခွင်မှ အပြင်ထွက်ပြီး ဝင်ငွေရှာတာတို့ စိတ်ဖိစီးပြီးတော့ လုပ်ငန်းခွင်မှာ ဆက်ဆံရေး မပြေပြစ်တာတို့ စိတ်ဓာတ်ကျကာ အလုပ်မှ အပြီးနုတ်ထွက်တာတို့ဆိုတဲ့ ဆိုးကျိုးတွေဟာ သူနာပြုတွေရဲ့ လောကမှာ ဖြစ်ပေါ်နေတယ်လို့ ကြားသိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ လွှတ်တော်အမတ် ဦးမောင်မြင့် က ဝန်ထမ်းများ လစာတိုးပေးဖို့အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းမေးတော့ စီမံဘဏ္ဍာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လောလောဆယ်တော့ အစီအစဉ်မရှိသေးပါဘူး။ ဒါပေမဲ့လို့ အသုံးစရိတ်များ တိုးပေးခြင်းနှင့် နေထိုင်စရာအိမ်ရာတွေကို အရစ်ကျစနစ်နဲ့ဝယ်နိုင်အောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးမှာပါလို့ ဖြေသွားတဲ့အတွက် ဝန်ထမ်းအားလုံးအတွက် ဒါကလည်းပဲ ဝမ်းသာမိပါ တယ်။ သို့ဖြစ်ရာ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၁ အကောင်အထည် ဖော်နေချိန်မှာ ကျန်းမာရေးယန္တရားကြီးရဲ့ စက်အစိတ်အပိုင်းကြီးတစ်ခုနဲ့တူတဲ့ သူနာပြုသားဖွားဝန်ထမ်း အဆင့်ဆင့်တို့ရဲ့ နှစ်ပေါင်း(၃၀)ကျော်ကြာနေပြီဖြစ်တဲ့ အထက်ပါ (၃၅)ကျပ်ဆိုတဲ့ ကိန်းတွေ သတ်မှတ် ချက်တို့ကို ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်ပြောင်းလဲပေးဖို့ အစီအစဉ်လေး ရှိ/မရှိ သိလိုပါကြောင်း ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ က နေပြီးတော့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ဝမ္မသူးကျေးရွာ တိုက်နယ်ဆေးရုံတွင် အရပ်ဘက် ဆရာဝန်တစ်ဦး၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် နိုင်ငံတော်ဘတ်ဂျက်မှ ဆေးဝါးများ ဝယ်ယူရန်နှင့် အသေးသုံးငွေ မည်မျှ ခွဲဝေပေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ဝမ္မသူးကျေးရွာ တိုက်နယ်ဆေးရုံတွင် အရပ်ဘက် ဆရာဝန်တစ်ဦး၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း ကျွမ်းကျင် ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် နိုင်ငံတော်ဘတ်ဂျက်မှ ဆေးဝါးများ ဝယ်ယူရန်နှင့် အသေးသုံးငွေ မည်မျှ ခွဲဝေပေးသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှ ဝမ္မသူးတိုက်နယ်ဆေးရုံသည် (၁၆) ခုတင်ဆံ့ ဆေးရုံကြီးဖြစ်ပါတယ်။ သိန်း(၄၀၀၀)အဆောက်အအုံလည်း ဆောက်လုပ်ပြီးစီးပြီ ဖြစ်ပါတယ်။ လောလောဆယ်တွင် တပ်မှ ဗိုလ်ကြီးဆရာဝန်(၂)ဦးရှိပါတယ်။ အရပ်ဆရာဝန် (၁)ဦး လစ်လပ်လျက်ရှိပါတယ်။ တပ်ဆရာဝန်(၂)ဦးသည် ဆေးရုံတွင် အချိန်ပြည့်နေပေးသဖြင့် ယခုမှ ဆေးရုံနှင့် တူလာပါသည်။ ယခင်က အရပ်ဆရာဝန်များ ရှိစဉ်က တစ်ပတ်နေပြီး ပြန်ပြန်သွားကြသဖြင့် ဆေးရုံသည် ဆေးရုံနှင့်မတူဘဲ ဆရာဝန်နှင့်သူနာပြုများ တစ်ထောက်နား အလည်အပတ်သွားသည့် စခန်းတစ်ခုလို ဖြစ်နေပါသည်။ သို့ဖြစ်၍ အရေးပေါ်လူနာများလည်းပဲ အခက်အခဲတွေ့ရပြီး တချို့သည် သေဆုံးသည် အထိ ဖြစ်ကြရပါတယ်။ တပ်မှဆရာဝန်(၂)ဦးသည် (၂)နှစ်ပြည့်ပါက ပြန်ပြောင်းသွားမည်ဖြစ်၍ အစားထိုး မလာခင် အခက်အခဲ ကြုံရဦးမည်ဖြစ်ပါတယ်။

ယခုလက်ရှိတွင် အပြာဝတ်သူနာပြု(၂)ဦး၊ အနီဝတ်သူနာပြု(၄)ဦး ခန့်ထားသော်လည်း အနီဝတ်သူနာပြု(၁)ဦးသည် မင်းတပ်ဆေးရုံတွင် ပြန်လည်တွဲဖက်ထားပါတယ်။ ဆရာဝန်များနှင့် ဆရာမများ၏တင်ပြချက်အရ ဝမ္မသူးတိုက်နယ်ဆေးရုံသည် မင်းတပ်မြို့မှ (၂၄)မိုင်ကွာဝေးပြီး မင်းတပ်မြို့သို့ သွားရန်ခက်ခဲသဖြင့် ဝမ္မသူးတိုက်နယ်ဆေးရုံသာ အားကိုးလျက်ရှိကြပါတယ်။ အဲဒီမှာ ဆေးဝါးများ ပြည့်စုံမှုမရှိခြင်း၊ မင်းတပ်မြို့နယ်မှ ဆေးပစ္စည်း တစ်ခါထုတ်ပေးသည့်အခါ တစ်သိန်းဖိုးပင် မပြည့်သည်ဟု ပြောကြပါတယ်။

သို့ဖြစ်၍ ဝမ္မသူးတိုက်နယ်ဆေးရုံတွင် ဆေးခွဲတမ်း ဘယ်လောက်ခွင့်ပြုသည်၊ အသေး သုံးငွေ ဘယ်လောက်ခွင့်ပြုသည်ကို ပွင့်လင်းမြင်သာမှုရှိအောင် ရှင်းလင်းပေးရန်၊ လိုအပ်သည့် ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းများထုတ်ပေးရန်၊ ဓာတ်မှန်၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် အရပ်ဆရာဝန်တစ်ဦး ခန့်ထားပေးရန် စသည်များကို အမြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မားဒူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မားဒူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ကြယ်ပွင့်ပြ မေးမယ့်မေးခွန်းကတော့ မတူပီမြို့နယ်၊ မားဒူးကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မားဒူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနဟာဆိုလို့ရှိရင် ၁၉၆၇ ခုနှစ် တွင် စတင်ဖွင့်လှစ်ခဲ့တဲ့ ကျန်းမာရေးဌာနဖြစ်ပါတယ်။ မတူပီမြို့မှ (၂၇)မိုင် ဝေးပြီးမှ မင်းတပ်မြို့ကနေ (၉၅)မိုင်ဝေးပါတယ်။ နောက် ပလက်ဝနဲ့ မိုင်(၁၀၉)မိုင်ဝေးပါတယ်။ အဲဒါကြောင့် အင်မတန်မှ လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီးမှ အလွန်ခေါင်ခိုက်တဲ့နေရာဖြစ်ပါတယ်။ မားဒူးကျေးရွာ ကျေးလက်ကျန်းမာရေး ဌာန ချပေးသည့်မှာ ကြာမြင့်နေပြီဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ ဒေသ ဖြစ်ခြင်း၊ နောက်တစ်ခုက ဆေးဝါးလုံလောက်မှု မရှိခြင်း၊ ကျန်းမာရေးဝန်ထမ်းများ အချိန်ပြည့် တာဝန် ထမ်းဆောင်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီမားဒူးကျေးလက်ကျန်းမာရေးဌာနသို့ ဆေးဝါးကုသတဲ့ လူနာစာရင်းကို လေ့လာခဲ့မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ နည်းပါးသည်ဟု ယူဆနိုင်ပါတယ်။

သို့သော်လည်း ဆေးဝါးကုသမှု လူနာစာရင်း နည်းပါးခြင်းတစ်ခုတည်းဖြင့် တိုက်နယ်ဆေးရုံ အဆင့် မတိုးပေးသင့်ဘူးဆိုပြီးမှ အကဲဖြတ်မယ်ဆိုပါက တိုက်နယ်ဆေးရုံအဆင့်သို့ တိုးပေးရန် ခက်ခဲကောင်း ခက်ခဲနိုင်မှာ ဖြစ်ပါတယ်။ ဤဒေသသည် လက်တွေ့မြေပြင်အခြေအနေအရ တိုက်နယ် ဆေးရုံ အလွန်လိုအပ်တဲ့ ဒေသဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့မှ မြို့ပေါ်ဆေးရုံနှင့် ကွာဝေးသောကြောင့် ဒေသခံအများစုဟာ သာမန်ဖျားနာခြင်းမျိုးဆိုလျှင် ဆေးကုသဖို့ မြို့ပေါ်တက်

မနေတော့ဘဲနဲ့ ရောဂါတအားရင့်ပြီးမှ မခံမရပ်နိုင်တဲ့ အခြေအနေရောက်မှပဲ ပခုက္ကူဆေးရုံတို့၊ မန္တလေးဆေးရုံတို့၊ ရန်ကုန်ဆေးရုံတို့လို အဲ့လိုဆေးရုံကြီးတွေမှာ လာရောက်ပြသတော့ ကုန်ကျစရိတ်လည်း တော်တော်များတယ်၊ နောက် တချို့ဆိုရင် ရောဂါရင့်သွားလို့ အသက်မဆုံးရှုံးသင့်ဘဲနဲ့ သေဆုံးသွားတာကိုလည်း များစွာတွေ့ရပါတယ်။

မားဒူးကျေးလက် ကျန်းမာရေးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ ရုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပန်တွီးကျေးလက်ကျန်းမာရေးဌာနခွဲ၊ အမ်ဆွေးကျေးလက်ကျန်းမာရေးဌာနခွဲ၊ ချန်းပြန်းကျေးလက်ကျန်းမာရေးဌာနခွဲဟူ၍ ဌာနခွဲ(၄)ခုရှိပါတယ်။ မားဒူးကျေးရွာအုပ်စုသည် အိမ်ခြေ (၂၃၀)အိမ်ရှိပြီးမှ တိုက်နယ်ဆေးရုံအဆင့် တိုးပေးမည်ဆိုပါက မတူပီမြို့နယ်၊ မင်းတပ်မြို့နယ်၊ ပလက်ဝမြို့နယ်(၃)မြို့နယ်မှ အကျိုးခံစားရမယ့် ပတ်ဝန်းကျင်ကျေးရွာတွေ အလွန်များပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မားဒူးကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့် တိုးပေးမယ်ဆိုပါက မြို့နယ်(၃)မြို့နယ်မှ ရွာပေါင်းစုစုပေါင်း (၂၈)ရွာမှာ ဒေသခံပြည်သူ (၁၀၀၀၀)ကျော်ဆေးဝါးကုသနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ရွာတွေက မတူပီမြို့နယ်မှာ (၁၈)ရွာရှိတယ်။ ရွာတွေကတော့ တစ်ခုချင်း ကျွန်တော်မဖော်ပြတော့ပါဘူး။ နောက် မင်းတပ်မြို့နယ်နဲ့ (၅)ရွာ၊ ပလက်ဝမြို့နယ်ကလည်း(၅)ရွာ စုစုပေါင်း(၂၈)ရွာဖြစ်တဲ့အတွက် လူဦးရေ(၁၀၀၀၀)ကျော်ကို အကျိုးပြုတာဖြစ်တဲ့အတွက် ဒီ မားဒူးကျေးလက်ကျန်းမာရေးဌာနကို ၁၉၆၇ ခုနှစ်ကနေ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ဆိုရင် နှစ်ပေါင်း(၅၀)ကျော် ကြာမြင့်နေပြီ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ မြေပြင်ပကတိဒေသ၏ လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂(ဂ)နှင့် ၂၈(ဃ)တို့နှင့်အညီ မတူပီမြို့နယ်၊ မားဒူးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသော ကျေးရွာအုပ်စုများအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မရှိသော ကျေးရွာအုပ်စုများအား ဌာန(ခွဲ) သို့မဟုတ် ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းအင်အား အပြည့်အဝ ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသော ကျေးရွာအုပ်စုများအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မရှိသော ကျေးရွာအုပ်စုများအား ဌာန(ခွဲ) သို့မဟုတ် ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်ပေးရန်နှင့် ကျန်းမာရေး ဝန်ထမ်းအင်အား အပြည့်အဝချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသော ကျေးရွာအုပ်စုများအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မရှိသေးသော ကျေးရွာအုပ်စုများအား ဌာန(ခွဲ) သို့မဟုတ် ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းအင်အားအပြည့်အဝချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ဟာ မြို့(၂)မြို့၊ ကျေးရွာအုပ်စု(၉၆)ခုနှင့် ရပ်ကွက်(၆)ခုဖြင့် ဖွဲ့စည်းထားပြီး ချင်းပြည်နယ်တွင် ဧရိယာအကျယ်ဆုံးနှင့် လူဦးရေအများဆုံးမြို့နယ်ဖြစ်ပါတယ်။ အခွင့်ကြုံလို့ပြောရမယ်ဆိုရင် ပလက်ဝမြို့နယ်ထက် လူဦးရေနည်းပါးသော တချို့မြို့နယ်များတွင် ခုတင်(၂၀၀)ဆံ့၊ (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံများရှိတာကို ချင်းပြည်နယ်အတွင်းရှိ တချို့မြို့နယ်များတွင် လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၎င်းနည်းတူ ပလက်ဝမြို့နယ်တွင်လည်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးသင့်သည်ဟု မိမိအနေဖြင့် ဒေသခံပြည်သူများ ကိုယ်စားတင်ပြချင်ပါတယ်။ ယနေ့ထိ ပလက်ဝမြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဆေးပေးခန်းများ မရှိသေးသော ကျေးရွာအုပ်စုများ များစွာရှိနေသေးတာ လူထုတွေ့ဆုံပွဲများ သွားရောက်ရာတွင် တွေ့ရှိပြီး ပြည်သူများ တောင်းဆိုသည့်အတိုင်း ၎င်းမေးခွန်းကို ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်ပြီး နယ်စပ်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ဆေးပေးခန်းများအုပ်စုတိုင်းမရှိခြင်းများကြောင့် များစွာအခက်အခဲ ကြုံတွေ့နေရပါတယ်။ အသက်မသေသင့်ဘဲ သေဆုံးသူများ မြောက်မြားစွာ ကိုယ်တွေ့ကြုံတွေ့ခဲ့ရပါတယ်။ ထို့ကြောင့် နိုင်ငံသားတိုင်း မျှတသော ဆေးကုသမှုကို ခံယူနိုင်ရန်အတွက် သတ်မှတ်စံနှုန်းများကို ဖြေလျှော့ပေးပြီး ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော ကျေးရွာအုပ်စုများအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသေးသော ကျေးရွာအုပ်စုများအား ဌာန(ခွဲ) သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးပါရန်နှင့် ကျန်းမာရေးဝန်ထမ်းအင်အား အပြည့်အဝ ချထားပေးပါရန် ပြည်သူများကိုယ်စား တောင်းဆိုရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးပြီး၊ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိနိုင်ရန် အထက်ပါမေးခွန်းအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကယားပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းပန်ဖ ၏ မေးခွန်းဖြစ်သော ကယားပြည်နယ်၊ မယ်စဲမြို့နယ်၊ ဟိုစဲ့ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွက် လူနာတင်ယာဉ် (Ambulance) ချထားပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ ဖြေကြားမည်ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လူနာတင်ယာဉ်များထောက်ပံ့ပေးရာတွင် ကျွန်တော်တို့ ဦးစားပေးအဆင့်နှင့် ကျွန်တော်တို့ လုပ်ပါတယ်။ ပထမဆုံးက ကျွန်တော်တို့ ဗဟိုအဆင့် ဆေးရုံအားလုံးကို ဖြည့်ပါတယ်။ အားလုံးဖြည့်ပြီးပါပြီ။ ဗဟိုအဆင့်ကုသရေးနှင့် အထူးကုဆေးရုံကြီး (၄၁)ရုံကို အကုန်ဖြည့်ပြီးပါပြီ။ ဒုတိယအဆင့်အနေနဲ့ ခုတင်(၂၀၀)အထက် ခုတင်(၂၀၀)ဆေးရုံ (၂၈)ရုံ၊ ခုတင်(၃၀၀)ဆေးရုံ (၃)ရုံ၊ ခုတင်(၅၀၀)ဆေးရုံ(၁၁)ရုံ ဒီဆေးရုံအားလုံးကိုလည်း ကျွန်တော်တို့က တိုင်းနှင့်ပြည်နယ်အားလုံးမှာ Ambulance များ ဖြည့်ဆည်းပြီးပါပြီ။ တတိယအဆင့်ဖြစ်တဲ့ ခရိုင် အဆင့်က ခုတင်(၁၀၀)အဆင့် (၄၀)ရှိတယ်။ ခုတင်(၁၅၀) (၂)ရုံရှိပါတယ်၊ စုစုပေါင်း(၄၂)ရုံရှိပါတယ်။ ဒီ(၄၂)ရုံမှာတော့ ကျွန်တော် (၃၂)ရုံကို Ambulance များပေးပြီးဖြစ်ပါတယ်။ စတုတ္ထအဆင့်ဖြစ်တဲ့ မြို့နယ်ဆေးရုံများ ကျွန်တော်တို့ ဆေးရုံများ (၂၆၃)ရုံမှာ အားလုံးပေးပြီးပါပြီ။ စုစုပေါင်း(၉၄)ရုံပဲ ကျန်ပါတော့တယ်။ ဒီမြို့နယ်ထဲမှာ ပေးတယ်ဆိုတာလည်း ကျွန်တော် အမျိုးသားကျန်းမာရေးစီမံကိန်း National Health Plan 2017 to 2021 အရ ကျွန်တော်တို့ပေးခဲ့ပါတယ်။ လောလောဆယ် (၉၄)ရုံ ကျန်နေပါတယ်။ မြို့နယ်အဆင့်မှာ။ အဲဒီတော့ လက်ရှိမူဝါဒအရ ဖြည့်ဆည်းရာတွင် မြို့နယ်အဆင့်ထိပဲ ကျွန်တော်တို့က ဦးစားပေးနဲ့ ဖြည့်ဆည်းပေးပြီး တိုက်နယ်ဆေးရုံ၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဆေးခန်းတွေကိုတော့ ကျွန်တော်တို့က ပေးခြင်း မရှိသေးပါဘူး။

နောက် တဖြည်းဖြည်းမှ သူ့အဆင့်လိုက် အဆင့်လိုက် အောက်ကို အောက်ကို ရောက်လာတဲ့အခါကျမှ ကျွန်တော်တို့က ပေးနိုင်မယ် ဖြစ်ပါတယ်။ ဒီနေရာမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း မယ်စဲတိုက်နယ်ဆေးရုံသွားတဲ့အခါမှာ အောက်စီဂျင်ဘူး မရှိဘူးလို့ ပြောပါတယ်။ အသက်ကယ်ဆေးဖြစ်တဲ့ ဆော်လီကော့ဒ်တက်တို့၊ အက်ဒရင်းတို့၊ အင်န်တီစစ်စမင်းတို့ မရှိဘူးပြောပါတယ်။ Anti-Snake Venom မရှိဘူးပြောပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒါ တကယ့်တကယ်ကတော့ တာဝန်သည် တိုက်နယ်ဆေးရုံဆရာဝန်၏ တာဝန်သာဖြစ်တယ်။ သူက ခရိုင်ကို တင်လို့ရှိရင် ပေးပါတယ်။ ကျွန်တော်တို့ တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ မြွေဆိပ်ဖြေဆေးကို တိုက်နယ်ဆေးရုံတွေမှာ ဆိုလို့ရှိရင် (၁၀)လုံး၊ (၁၀)လုံး မပြတ်အောင်ပေးပါတယ်။ (၁၀)လုံး သုံးပြီးတာနဲ့ ဘယ်လူနာကို ဘယ်လောက်ထိုးတယ်တင်လိုက် ချက်ချင်း ပြန်ပေးပါတယ်။ ကျွန်တော်တို့ တစ်နှစ် တစ်နှစ်ကို မြွေဆိပ်ဖြေဆေးပေါင်း ရှစ်သောင်းဝယ်ပါတယ်။ ရှစ်သောင်းပါ။ ကျွန်တော်တို့ဆီမှာ လက်ကျန် နှစ်သောင်း၊ သုံးသောင်းလည်း ရှိပါတယ်။ ဒီမြွေဆိပ်ဖြေဆေးမရှိဘူးဆိုတာ ဆေးမရှိလို့ မဟုတ်ပါဘူး။ ဒီတိုက်နယ်ဆရာဝန်ရဲ့တာဝန်ပဲ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး တိုက်နယ်ဆရာဝန်သင်တန်း ဒုတိယအကြိမ်သင်တန်းကို ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လောလောဆယ် လုပ်နေပါတယ်။ (၆၉)ယောက်ပါ။ ပထမအကြိမ်က(၄၀)ယောက်ပါ။ ကျွန်တော်ပြန်တာနဲ့ သူတို့ကို ကျွန်တော် Briefing ပေးပါမယ်။ ဒီဆေးကိစ္စနဲ့။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တိုက်နယ်ဆေးရုံမှာ လုပ်တဲ့ဆရာဝန်တွေက တော်တော်များများ Indent System မသိကြဘူး။ Indent ဆိုတာ ဆေးကို ဘယ်လိုမှာရမလဲ။ Equipment ဘယ်လို တောင်းရမလဲ။ Lab Reagent တို့ ဘယ်လိုတောင်းရမလဲ မသိတဲ့အတွက် Indent System ကိုလည်း တစ်ခုလုံးကို Wholes State Review လုပ်ထားပြီးပါပြီ။ ဒီရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ Finalize လုပ်ပြီးလို့ရှိရင် Indent System ကျွန်တော်တို့ ဒီဆေးတွေကို ဘယ်လိုမှာရမလဲ။ Equipment ဘယ်လိုမှာရမလဲ။ Reagent ဘယ်လိုမှာရမလဲ အကုန်သိသွားမယ်။ တစ်ပြည်လုံးကို ကျွန်တော်တို့ ချထားရင် တိုက်နယ်ဆေးရုံ ဆရာဝန်များအားလုံးသည် သူတို့လိုတဲ့ဆေးကို ဘယ်လိုမှာရမလဲဆိုတာ သိမယ်။ သူတို့က မသိတဲ့အတွက် မမှာဘူးဖြစ်နေတယ်။ သူတို့ မှာရင် ဆေးက အကုန်ရှိပါတယ်။ ဆေးပြတ်လပ်မှုဆိုတာ ကျွန်တော်တို့နိုင်ငံမှာ မရှိသလောက်ပါပဲ။ ရှားတဲ့ဆေးတာ မရှိတာပါ။ သိပ်ဈေးကြီးတဲ့ဆေး။ အစိုးရကလည်း ဘတ်ဂျက်တွေက အများကြီးပေးထားတဲ့အတွက် ကျွန်တော်တို့က ဆေးပြတ်လပ်မှုက မရှိပါဘူး။ ပြတ်လပ်မှုက Commonly Use ဆိုတော့ အများသုံးတဲ့ဆေးတွေက လုံးဝမပြတ်လပ်ပါဘူး။ ဒီအောက်စီဂျင်ဘူးတို့၊ အသက်ကယ်ဆေးတို့ ASV ဆိုတာ ပြတ်လပ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ အဲဒါ ကျွန်တော် ပြန်ကြည့်ပေးပါမယ်။ ကျွန်တော် ပြန်ရောက်ရင် ဒီမယ်စဲဆေးရုံက တိုက်နယ်ဆရာဝန်ကို Contact လုပ်ပါမယ်။ ဘာကြောင့်ဒီလိုပြတ်ရတာလဲ။ ကျွန်တော်တို့မှာ System မှာ ဘာများ ပျော့ကွက်ရှိလို့ ပျက်ရတယ်။ အဲဒါကို ကြည့်ပြီးတော့ အမြန်ဆုံးလုပ်ပေးပါမယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပထမမေးခွန်းတော့ ဒီလောက်ပဲ ဖြေပါမယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ၏ ကြွယ်ပွင့်ပြမေးခွန်းအား ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ သူနာပြုသားဖွားဝန်ထမ်းများ၏ စားစရိတ်နှင့် ဝတ်စုံစရိတ် (ပေါင်း ၃၅ ကျပ်)ကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေသူများအနက် သားဖွားဆရာမ၊ သူနာပြု (သူနာပြုသိပ္ပံဘွဲ့ရ) သားဖွားဆရာမ၊ (သူနာပြုဒီပလိုမာရ)သူနာပြု၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ ပြည်သူ့ကျန်းမာရေးဆရာမကြီးများ၊ သူနာပြုဆရာမကြီး နည်းပြများ၊ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များအတွက် လက်ရှိခံစားနေရတဲ့ စားစရိတ်(၃၀)ကျပ်နှင့် ဝတ်စုံစရိတ်(၅)ကျပ်ဆိုပြီးမှ လွန်ခဲ့သော နှစ်(၃၀)ကတည်းက သတ်မှတ်ထားတာ မှန်ပါတယ်။ ဒီဥစ္စာကိုလည်း ကျွန်တော် ဝန်ကြီးစဖြစ်ကတည်းက သိရှိပါတယ်။ သိရှိတဲ့အတွက် နောက်လက်ရှိဖြစ်ထွန်းလာသော အခြေအနေများအရလည်းကောင်း၊ သင်တန်းတက်ရာတွင် သတ်မှတ်ထားသော ရွေးချယ်လေ့ကျင့်ရေးကာလအရလည်းကောင်း ဒီစားစရိတ်နှင့် ဝတ်စုံစရိတ်များကို ပြင်ဆင်ပေးဖို့ လိုအပ်တာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့ရာ စားစရိတ်အား လက်ရှိတစ်ဦးလျှင် တစ်လကို (၃၀)ကျပ် ကနေပြီးတော့ ကျပ်(၂၀၀၀၀)အထိ တိုးပေးဖို့ကိုလည်းကောင်း၊ ဝတ်စုံစရိတ်အား ရုံးလုလင် အသုံးအဆောင်ကဲ့သို့ ခံစားခွင့်ပြုထားသည်ကို နှစ်စဉ် ကျပ်(၂၀၀၀၀)နှုန်းဖြင့်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုရယူသင့်ကြောင်း ကျွန်တော် တင်ပြတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပါလို့ ပြောတယ်။ တင်ပါလို့ပြောတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၂၆-၄-၂၀၁၇ ရက်စွဲနဲ့ ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြခဲ့ပြီး ကျွန်တော်တို့ ၂၂ ရက်နေ့ မနေ့ကပေါ့၊ မနေ့က ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့မှာ ကျွန်တော် တင်ပြပြီးဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ အတည်ပြုချက်ရပြီးပါက မကြာမီခွင့်ပြုမိန့်ကို ရမှာပါ။ ကျွန်တော်ကတော့ Black and White စာရွက်မထွက်သေးတော့ ကျွန်တော် မပြောပါဘူး။ အမှန်ကတော့ မနေ့ကတည်းက ဒါ Approve ရပြီးပါပြီ။ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပြီးပါပြီ။ ဒါပေမဲ့ မကြာခင် ရက်ပိုင်းအတွင်းမှာ Order ထွက်လာပြီး ကျွန်တော်တို့ စတင်ခံစားရမယ်။ ဆိုလိုတာက တစ်လလျှင် စားစရိတ်အနေနဲ့ ခုနကပြောတဲ့ သားဖွားဆရာမကစလို့ Matron အထိကို (၂၀၀၀၀)ရပါမယ်။ တစ်လကို။ ဝတ်စုံစရိတ်ကတော့ တစ်နှစ်လုံးအတွက်ကို ကျွန်တော်တို့ (၂၀၀၀၀)ရပါမယ်။ အဲဒီတော့ ဒီလိုလုပ်ခြင်းအားဖြင့် နိုင်ငံတော်အနေနဲ့ ကျွန်တော် ဒီက သူနာပြု သားဖွားအကုန်လုံးက စုစုပေါင်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတာမှန်ပါတယ်။ အများဆုံးမှာ (၃၈၄၇၀)ရှိပါတယ်။ တစ်ပြည်လုံးမှာ။ အဲဒီတော့ သူတို့အတွက်ကို နိုင်ငံတော်အစိုးရအနေနဲ့ ဒီစားစရိတ်ကို တစ်လတစ်လကို (၆၈.၁၆၉)သန်းခန့် ကျွန်တော်တို့ သုံးပေးမှာပါ။ အခုလောလောဆယ်။ နောက် ဝတ်စုံစရိတ်အတွက်ကိုလည်း တစ်နှစ်စာအတွက် ဒီ(၃၈၄၇၀)ဦးသော ဒီဝန်ထမ်းများအတွက်ကို တစ်နှစ်ကို

ကျပ်သိန်း(၇၈၀.၃၇)သိန်း နိုင်ငံတော်က ပံ့ပိုးမယ်ဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အနေနဲ့ ဒီ သားဖွားကနေ သူနာပြုအထိ ဘယ်လောက် ပံ့ပိုးအားပေးနေတယ်ဆိုတာကို သိနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ဒီလောက်ပဲ ဖြေပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်မှ ဦးမာန်လောမောင်း၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ ဝမ္မသူးကျေးရွာ တိုက်နယ်ဆေးရုံတွင် အရပ်ဘက်ဆရာဝန်တစ်ဦးနှင့် ဓာတ်မှန်၊ ဓာတ်ခွဲ ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေသည့်ဆေးဝါးများ ဝယ်ယူရန်နှင့် အသေးသုံးငွေများ မည်မျှခွဲဝေသည်ကို သိရှိလိုခြင်းနှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဝမ္မသူးကျေးရွာ တိုက်နယ်ဆေးရုံ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်တွင် လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပေးရန် ကိစ္စနဲ့ပတ်သက်၍ ကျွန်တော် တိုက်နယ်ဆေးရုံ၏ ခွင့်ပြုဆရာဝန်နှစ်ဦးအတွက်ကို ကျွန်တော် လောလောဆယ်ကတော့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆရာဝန်နှစ်ဦးကလာပြီးတော့ ၂၃-၃-၂၀၁၆ ကနေစပြီး ခေတ္တလာရောက် တာဝန်ထမ်းဆောင်နေပါတယ်။ ဒါလည်း ကာကွယ်ရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်၊ ပြည်နယ်ကုသရေးဦးစီးဌာန၏ အစီအစဥ်တို့ဖြင့် လုပ်ငန်းလိုအပ်ချက်အရ လက်ထောက်ဆရာဝန်များကို သုံးလတစ်ကြိမ် ကျွန်တော်တို့ ပြည်နယ်က အလှည့်ကျတာဝန် ချထားပေးလျက် ရှိပါတယ်။ ယခုတွင် ဝမ္မသူးတိုက်နယ်ဆေးရုံ၊ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာလည်း ဆရာဝန်တစ်ဦး အရပ်ဘက်ဆရာဝန်တစ်ဦး နာမည်တော့ပါ ပါတယ်။ ဒါပေမဲ့ မဖတ်တော့ပါဘူး။ အလှည့်ကျ တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဒီတိုက်နယ်ဆေးရုံတစ်ရုံ၏ ခွင့်ပြုအင်အား(၁၉)ဦးမှာ ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများ လက်ရှိ(၁၃)ဦးမှ တာဝန်ယူပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။

သို့သော် ချင်းပြည်နယ်အနေနဲ့ လက်ထောက်ဆရာဝန်များ ခန့်အပ်ရာမှာ ကျွန်တော်တို့ ဦးစားအများကြီးပေးပါတယ်။ မြေပြင်အနေအထား၊ တည်နေရာ၊ တောင်ကုန်း၊ တောင်စောင်း၊ ဘာသာစကား ကွဲပြားခြားနား ဒီကိစ္စတွေကို အကုန် ကျွန်တော်တို့က ဦးစားပေးပြီးလုပ်ပါတယ်။ ချင်းပြည်နယ်မှာရှိတဲ့ ဆရာဝန်တွေရဲ့ အင်အားကိုကြည့်တဲ့အခါမှာ တော်တော်လေးနည်းနေပါတယ်။ နည်းနေတဲ့အတွက် ကျွန်တော်တို့က အခု ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ကျွန်တော်တို့ ဆရာဝန်(သစ်လွင်)(၁၇၂၁)ဦးကို ခေါ်ဖို့ သတင်းစာထဲမှာ ထည့်ပါမယ်။ ဆရာဝန်။ သွားဘက်ဆိုင်ရာဆရာဝန်(၃၀၀) ခေါ်ပါမယ်ခင်ဗျား။ ဒီဆရာဝန်တွေကို ဒီနှစ်ကုန်ပိုင်းလောက်မှာ ကျွန်တော်တို့ ခန့်နိုင်ဖို့ ရှိပါတယ်။ သူတို့ ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ သင်တန်းတက်ပြီးရင် ကျွန်တော်တို့ ခန့်မှာပါ။ ခန့်တဲ့အခါမှာ ရောက်လာတဲ့ ဆရာဝန်တွေကို ကျွန်တော်တို့က ချင်းပြည်နယ်မှာရှိတဲ့ ဟားခါး၊ ဖလမ်းတို့ကို ပို့ပြီးတော့ ဟားခါး၊ ဖလမ်းမှာရှိတဲ့ Experience ရှိတဲ့ ဆရာဝန်တွေကို ဒီလိုနေရာတွေ အောက်ကို ကျွန်တော်တို့ ချဖို့ရှိပါတယ်။ ချင်းပြည်နယ်အနေနဲ့ကတော့ ကျွန်တော် ဦးစားပေးပါမယ်။ ချင်း၊ ကယား၊ ကချင်၊ ရှမ်း

ဒါတွေက ဝေးလံခေါင်းပါးလည်းဖြစ်တယ်။ သွားလာခက်ခဲတဲ့အတွက် ကျွန်တော်တို့ ဒီရောက်တဲ့ ဆရာဝန် ဒီ(၁၇၀၀)မှာ ဒါတွေကို ကျွန်တော်တို့ ဦးစားပေးချမယ်ဆိုတာ ဒီမှာလည်း ပြောလိုပါတယ်။

ဒီမင်းတပ်မြို့နယ် ဒီဝမ္မသူးတိုက်နယ်ဆေးရုံမှာရှိတဲ့ ဆေးဘက်ကျွမ်းကျင်၊ (ဓာတ်မှန်) ခွင့်ပြု တစ်ဦးမှာ တစ်ဦးလစ်လပ်နေပါတယ်။ အဲဒီတော့ လစ်လပ်တဲ့အတွက် ဆေးဘက်ကျွမ်းကျင် (ဓာတ်မှန်) ရာထူးအတွက် ဆေးဘက်ကျွမ်းကျင်(ဓာတ်မှန်)သစ်လွင်တစ်ဦးအတွက်ကို သင်တန်းပေးနေပြီး သင်တန်း ရှိပါတယ်။ သင်တန်းက (၆)လသင်တန်း ပြီးဆုံးတော့မည်ဖြစ်တဲ့အတွက် ပြည်နယ်ကုသရေးဦးစီး ဌာနမှူး အစီအစဉ်နဲ့ အမြန်ဆုံး သင်တန်းဆင်းတာနဲ့ တစ်ဦးပေးပါမယ်။ ထို့အပြင် လစ်လပ်လျက်ရှိတဲ့ ဓာတ်မှန်ကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင်ကိုလည်း ၈-၅-၂၀၁၇ ရက်နေ့တွင် သင်တန်းဆင်းသော (၉၉) ကြိမ်မြောက် ဓာတ်ခွဲစစ်ဆေးသူ ဒုတိယတန်း သင်တန်းသားတစ်ဦးအား ခန့်ထားပေးဖို့ စီစဉ်လျက်ရှိပါ တယ်။ ပြည်သူ့ဆေးရုံကြီးများသို့ လာရောက်ကုသသော လူနာများအား မရှိမဖြစ် ဒီအခြေခံအဓိက ဆေးဝါးများထောက်ပံ့ရန် ဗဟိုပြည်သူ့အဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ ဆေးရုံကြီးများ၊ ခရိုင်ဆေးရုံကြီးအဆင့်များကတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဒီပြည်နယ်နှင့်တိုင်း ဒေသကြီး ကနေပြီးတော့ ဆေးတွေဝယ်ပါတယ်။ ဆေးတွေဝယ်ပြီးတော့ Disease-Proof ပြုလုပ်ပါတယ်။ အဲဒီတော့ ဘယ်လောက်လိုတယ်၊ ဘယ်လောက်သုံးမယ် ဆိုတာက သက်ဆိုင်ရာ တိုက်နယ်ဆရာဝန်၊ သက်ဆိုင်ရာ မြို့နယ်ဆရာဝန်က သူ့သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးနဲ့ ညှိပြီးတော့ ပြန်တောင်းလို့ ရပါတယ်။ ကျွန်တော်တို့ ပိုက်ဆံတွေကို ခွဲဝေပေးဖို့လုပ်နေပါပြီ။ အခု ၂၀၁၇ ခုနှစ်၊ ပထမ(၆)လအတွက် ဝယ်ဖို့ ပိုက်ဆံတွေလည်း အကုန်ခွဲပေးလိုက်ပါပြီ။ အဲဒီတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ကုသနှင့် ပကဦးစီးမှူးတွေက တင်ဒါခေါ်ပြီး သူတို့ဆေးတွေဝယ်မယ်။ ဝယ်တဲ့အခါမှာလည်း သူတို့ ဘယ်လောက်ဝယ်ရမယ်ဆိုတာ အောက်ကတင်တဲ့ စာရင်းဇယားပေါ်မှာ မူတည်တယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုတာက အောက်မှာရှိတဲ့ မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန် က သူတို့လိုတဲ့ စာရင်းဇယား ကို တင်ရမယ်။ သူတို့ ပုံမှန်တော့ရှိတယ် ဘယ်လောက်၊ ဘယ်လောက် တင်ရမယ်။ သို့သော် မြို့နယ် ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံ လူနာပိုများရင် များသလို တင်လို့ရပါတယ်။ ကျွန်တော်က ဒါ Flexible ဖြစ်ပါတယ်။ အတိအကျမဟုတ်ပါဘူး။ ကုန်သွားလို့ရှိရင် လိုလို့ရှိရင် ကျွန်တော်တို့ ဆက်ပေး ပါတယ်။

အဓိက ကျွန်တော်ဆိုလိုချင်တာက ဘာလဲဆိုလို့ရှိရင် ဒီကိစ္စမှာ မြို့နယ်ဆရာဝန်၊ တိုက်နယ် ဆရာဝန်သည်သာလျှင် အဓိကပါ။ သူတို့မှာရှိတဲ့ ဆေးတွေလိုရင် သူတို့က တင်ပြရင် ကျွန်တော်တို့ ပေးမယ့်တာဝန် ရှိပါတယ်။ ကျွန်တော်တို့ ပေးဖို့လည်း ပိုက်ဆံတွေရှိပါတယ်။ ကျွန်တော်တို့မှာ၊ ပိုက်ဆံ မရှိလို့ မဝယ်နိုင်ဘူးဆိုတာ မဟုတ်ပါဘူး။ တချို့အရမ်းဈေးကြီးတဲ့ ကင်ဆာကုတဲ့ဆေးတို့ အဲဒါမျိုးတွေ ကျမှ ကျွန်တော်တို့က ပိုက်ဆံမရှိလို့ အဲဒါကို ချန်ထားပါတယ်။ နေ့တိုင်းသုံးတဲ့ နေ့စဉ်သုံးတဲ့ ဆေးမရှိ ဘူးဆိုတာ လုံးဝ မဖြစ်သင့်ပါဘူး။ ဖြစ်လည်း မဖြစ်ပါဘူး။

ကျွန်တော် ခုနကပဲ တင်ပြသလို များသောအားဖြင့် ဒီကိစ္စမှာဖြစ်တာက သူတို့က ဒီ Indent System ပေါ့။ ဆေးကို ဘယ်လိုတောင်းရမလဲ။ အဲဒါကို မသိလို့လည်း ဖြစ်တာဖြစ်နိုင်တယ်။ အဲဒီတော့ ဒီကိစ္စကို ကျွန်တော်တို့ Indent System တစ်ခုလုံးကို Review လုပ်ထားတဲ့ဟာပြီးရင် အကုန်လုံး

တိုက်နယ်ဆေးရုံအထိ Flow ချတယ်ပေါ့၊ ပုံစံနဲ့ကို ကျွန်တော်တို့ပြမယ်။ ဒါ ဒီဆေးလိုရင် ဒီလိုဒီလို ဒီဆေးတောင်း။ ဓာတ်ခွဲခန်း Reagent လိုရင် ဒီလို ဒီလိုတောင်း။ ဓာတ်မှန်၊ ဓာတ်ခွဲပျက်လို့ရှိရင် ဘယ်လို ဘယ်လိုလုပ်။ အကုန်လုံး အတိအကျလုပ်မယ်။ ကျွန်တော်တို့မှာ System ရှိလို့ရှိရင် ဒါတွေက ဘာမှ မခက်ပါဘူး။ ဒီ System ကို ကျွန်တော်တို့ မကြာသော အချိန်အတွင်းမှာ ကျွန်တော်တို့ ချပြမှာပါ။ နောက်တစ်ချက်က ဒီလိုတိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံတွေမှာ ကျွန်တော်တို့ World Bank က ချေးထားတဲ့ ပိုက်ဆံတွေလည်း ရှိပါတယ်။ ဒီချေးထားတဲ့ ပိုက်ဆံတွေလည်း အများကြီးသုံးလို့ ရပါတယ်။ ဒီလိုသုံးတာကိုလည်း များသောအားဖြင့် တိုက်နယ်ဆေးရုံဆိုပေမယ့် ပြည်သူ့ကျန်းမာရေး လုပ်တဲ့ တိုက်နယ်ဆေးရုံပေါ့၊ မြို့နယ်ဆေးရုံဆိုလည်း ပြည်သူ့ကျန်းမာရေးကိုလုပ်တဲ့ Activity မှာ လည်း အများကြီးသုံးလို့ရပါတယ်။ အမှန်ကတော့ ပြောရမယ်ဆိုလို့ရှိရင်တော့ သူတို့က ဒီပိုက်ဆံတွေ ကို ဘယ်လိုသုံးရမယ်ဆိုတာကို သိပ်မသိလို့ မသုံးကြတာပါ ခင်ဗျား။ ပိုက်ဆံက ရှိပါတယ်။ အဲဒီတော့ မသုံးတဲ့အတွက် World Bank ပိုက်ဆံကို မသုံးဘဲနဲ့ အတိုးတွေ ပြန်ပေးနေရတာရှိပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့လည်း သိပါတယ်။ ဒါကို ဒီလိုဆက်လက်မဖြစ်ဖို့လည်း ကျွန်တော်တို့ အားသွန်ခွန်စိုက် အများကြီးလုပ်နေပါတယ်။ ဒီ ချင်းပြည်နယ် တစ်ခုလုံးအနေနဲ့ဆိုလို့ရှိရင် သူနာပြု၊ သားဖွားမှာ ချင်းပြည်နယ်မှာဆိုရင် အခြားပြည်နယ်နှင့်စာရင် သားဖွားနှင့်သူနာပြုက တော်တော်စုံပါတယ်။

ဒီနှစ်မှာဆိုရင် ၂၀၁၇ ခုနှစ်မှာဆိုရင် သူနာပြု (၆၆)ယောက်ထွက်မယ်။ သားဖွား (၄၄) ယောက်။ ၂၀၁၈ ခုနှစ်မှာလည်း (၆၀) (၄၀)၊ (၆၀) (၄၀)၊ အကုန်ထွက်မှာပါ။ အဲဒီတော့ ချင်းပြည်နယ် မှာလည်း သူနာပြုသားဖွားကလည်း လုံလောက်ပါတယ်။ ကျွန်တော် ချင်းပြည်နယ်လည်း မကြာမကြာ ရောက်တဲ့အခါကျတော့ ချင်းပြည်နယ်မှာရှိတဲ့ သားဖွားများဟာလည်း အလွန် အလုပ်လုပ်တယ်။ သူတို့ အလုပ်ကို တော်တော်ကျေနပ်ပြီးတော့ သူတို့ ဂုဏ်ယူနေတာကို တွေ့ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ဝမ်းမြောက်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကိုတော့ ဒီလောက်ပဲ ဖြေပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလားလ်မင်းထန် ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မားဒူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ ချင်းပြည်နယ်၊ မတူပီ မြို့နယ်မှာတော့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ ရေဇွာတိုက်နယ်ဆေးရုံ၊ လိုင်လင်းပီဆေးရုံ တစ်ရုံ နှင့် လုံငိုးတိုက်နယ်ဆေးရုံ စုစုပေါင်း(၄)ရုံ ဖြစ်ပြီးတော့ ဒီမှာ ကျွန်တော် ကျန်းမာရေးဝန်ဆောင်မှုများကို မတူပီမြို့နယ်မှာ ပေးဆောင်လျက်ရှိပါတယ်။ လူဦးရေအားဖြင့်တော့ (၃၉၀၀၀) ကျော်ရှိပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးပါတယ်။ မားဒူးကျေးလက်ကျန်းမာရေး ဌာနပိုင်နယ်မြေမှာ လူဦးရေ (၅၉၀၀)ကျော်ရှိပါတယ်။ မားဒူးကျေးလက်ကျေးရွာအုပ်စုက မတူပီမြို့နယ်ပြည်သူ့ဆေးရုံနှင့် (၃၂)မိုင်၊ မိုးရာသီမှာ ကားနဲ့သွားမယ်ဆိုရင် (၅)နာရီခန့်ကြာပါတယ်။ ဆောင်းရာသီနှင့် နွေရာသီမှာ (၂)နာရီကျော် ကြာပါတယ်။

မတူပီမြို့နယ်၏ တောင်ဘက်စွန်းမှာရှိတဲ့ ဒီပလက်ဝ၊ မင်းတပ်မြို့များနဲ့ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပြီး သွားလာရေးခက်ခဲတဲ့ရွာပေါင်း (၁၉)ရွာရှိတယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒီတော့ ရေဇွာတိုက်နယ်ဆေးရုံ၊ လိုင်လင်းပီတိုက်နယ်ဆေးရုံနှင့် လုံငိုးတိုက်နယ်ဆေးရုံတို့ဟာ မတူပီမြို့နယ်ဆေးရုံ၏ မြောက်ဘက်ခြမ်းမှာရှိပါတယ်။ တောင်ဘက်ခြမ်းမှာ မရှိဘူးဖြစ်နေပါတယ်။ အဲဒီတော့ လက်ရှိတွင် မားဒူးကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနရှိပြီး ကျန်းမာရေးမှူး၊ ကျန်းမာရေးဆရာမ၊ သွားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်(၂)တို့နှင့် အင်အားအပြည့်နီးပါးနဲ့ လူ(၅၉၀၀)ကျော်ကို လွှမ်းခြုံပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့က ချင်းပြည်နယ်တို့ တခြားပြည်နယ်တို့ စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့ရဲ့ Criteria ကိုအတိအကျမသုံးပါဘူး။ ခြွင်းချက်အနေနဲ့သုံးပါတယ်။ ခက်ခဲတဲ့ဒေသဖြစ်တဲ့အတွက် ခြွင်းချက်အနေနဲ့သုံးတဲ့အတွက် ၂၀၁၇ ခုနှစ်မှာလည်း လက်ထောက်ဆရာဝန် အသစ်ခန့်ပြီးလို့ရှိရင်လည်း ကျွန်တော်တို့က အထူးအစီအစဉ်ဖြင့် လုပ်သက်ရဆရာဝန်များကိုလည်း အလှည့်ကျ တာဝန်ထမ်းဆောင်ပေးမယ်။

ထို့အပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ မြို့နယ် (၃) မြို့နယ် ရှိပါတယ်။ ဒီမြို့နယ် (၃)မြို့နယ်မှာ ခက်ခဲတဲ့ရွာရှိပြီးတော့ အားလုံး (၂၈)ရွာရှိပြီး လူဦးရေ (၁)သောင်းကျော်ရှိပါတယ်။ အဲဒီတော့ ဒီလူဦးရေ (၁)သောင်းကျော်ရှိပြီးတော့ အောက်ပိုင်းတောင်ပိုင်းချင်းပြည်နယ်မှာ ရှိတဲ့ဟာကို ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံဖို့ လိုအပ်လျက်ရှိတဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာ ဒီ တိုက်နယ်ဆေးရုံဖွင့်ဖို့အတွက်ကို ကျွန်တော်တို့ တင်မယ်။ တင်ပြီးတော့ ၂၀၁၈-၂၀၁၉ မှာဆိုလို့ရှိရင် ဘဏ္ဍာငွေလျာထားဖို့ကိုလည်း တင်မှာပါ။ အဲဒီတော့ ဆိုလိုတာက ကျွန်တော် ဒီမှာပေးမှာပါ။ တိုက်နယ်ဆေးရုံရအောင် လုပ်ပေးပါမယ်။ သူနာပြုကတော့ ခုနပြောတဲ့အတိုင်း ပြဿနာမရှိပါဘူး။ ၂၀၁၇ ခုနှစ်မှာ ချင်းပြည်နယ်အတွက် သူနာပြု (၆၆)ယောက်၊ သားဖွား(၄၄)ယောက်၊ ၂၀၁၈ ခုနှစ်မှာဆိုရင် သနာပြု (၆၆)ယောက်။ သားဖွား (၄၃)ယောက်၊ ၂၀၁၉ ခုနှစ်မှာလည်း သူနာပြု (၆၆)ယောက်နဲ့ သားဖွား(၄၄)ယောက် ထွက်ဖို့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို အဲဒီလောက်ပဲ ဖြေကြားခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ဒီမေးခွန်းကတော့ (၅)မိနစ်ထက် နည်းနည်းကျော်နိုင်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါ။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသော ကျေးရွာအုပ်စုများအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ Health Sub-Centre ကို Rual Health Centre ကို တောင်းပါတယ်။ အဆင့်တိုးမြှင့်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မရှိသော ကျေးရွာအုပ်စုများအား ဌာန(ခွဲ)အဖြစ် ဆိုလိုတာက မရှိတဲ့နေရာကို Health Sub-Centre တောင်းပါတယ်။ အဲဒီဟာကို ဖွင့်လှစ်ပေးပါရန်နှင့် ကျန်းမာရေးဝန်ထမ်းအင်အား အပြည့်အဝချထားပေးရန်နဲ့ ပတ်သက်၍ ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ လူဦးရေစုစုပေါင်းကတော့ (၁၀၃၀၀၀) ကျော်ရှိပါတယ်။ မြို့ပေါ်လူဦးရေက တစ်သောင်းကျော်ရှိပြီးတော့၊ ကျေးလက်ဒေသက ကိုးသောင်းကျော်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(၉)ခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း(၃၄)ခု ရှိပါတယ်။ မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသေးသော ကျေးရွာအုပ်စုပေါင်း(၄၀) ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းအနေနဲ့ဆိုရင် လက်ထောက်ကျန်းမာရေးမှူး(၆)ဦး၊ သူနာပြု(၃)(ကျန်းမာရေးဆရာမ)(၁၁)ဦး၊ သားဖွားဆရာမ(၃၇)ဦး၊ ကျန်းမာရေးမှူး(၃) (ကြီးကြပ်-၁)(၁)ဦး၊ ကျန်းမာရေးမှူး(၄)(ကြီးကြပ်-၂)(၂၅)ဦး၊ ဘက်စုံကျောက်ထိုး(၁)ဦးတို့ဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းမှာရှိတဲ့ ဒီ ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော၊ ခွဲရှိသော Health Sub-Centre ရှိသော ကျေးရွာများအား ကျေးလက်ကျန်းမာရေးဌာန (Rual Health Centre) အဖြစ် တိုးမြှင့်ပေးရန်နှင့် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပေးဖို့ဆိုလို့ရှိရင် ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၁၉-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ပက(ချင်း)လွှတ်တော်(၁၂၀၁)၂၀၁၇ ဖြင့် အောက်ပါအတိုင်း စိစစ်တင်ပြထားပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခု၊ (ပထိန်တလန်၊ နှမဒါ၊ တွီးကင်းဝ၊ တိုင်ဝ၊ ဗုဒ္ဓဂါမ၊ အာကီကုန်း)တို့အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် လိုအပ်မည်ဖြစ်ပြီး၊ ထိုကဲ့သို့အဆင့်တိုးမြှင့်ဖွင့်လှစ်ပါက အဆိုပါ ကျေးလက်ကျန်းမာရေးဌာန(၆)ခု လက်အောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၄)ခုကို အသစ်တိုးချဲ့ဖွင့်လှစ်နိုင်မည်ဖြစ်ပါတယ်။ ဆိုလိုတာက Rual Health Centre တစ်ခုဖွင့်လိုက်လို့ရှိရင် သူ့အောက်မှာ (၄)ခု၊ Sub Centre ဖွင့်ပေးရပါတယ်။ (၄)ခုဖွင့်မယ်ဆိုရင် (၁၆)ခုဖြစ်သွားပါတယ်။ (၅)ခုဖွင့်မယ်ဆိုရင် (၂၀) အဲဒီလို ဖြစ်သွားပါတယ်။ ထို့ကြောင့် သွားလာရေးခက်ခဲ၍ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်ရန် လိုအပ်လျက်ရှိသော မွှံးတုံးနွှံး ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ မောစုန်းနှင့် ထိပ်ခေါင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါအတိုင်း တိုးချဲ့ဖွင့်လှစ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာန(၁၅)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၆၀)ခု တို့ဖြင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာပေါင်း(၉၆)အုပ်စုရှိပြီး (၇၈)ရာခိုင်နှုန်းသော ကျေးရွာအုပ်စုများမှာ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများဖြင့် ကျန်းမာရေးကို လွှမ်းခြုံပေးမှာ ဖြစ်ပါတယ်။

ကျန်တဲ့ကျေးရွာအုပ်စု (၂၁)အုပ်စုများကိုလည်း နီးစပ်ရာကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်မှာဖြစ်ပါတယ်။ အဆင့်တိုးမြှင့်ဖွင့်လှစ်မယ့် ဒီ ကျေးလက်ကျန်းမာရေးဌာနများရဲ့ လွှမ်းခြုံနိုင်မယ့်လူဦးရေဟာ(၄၉၀၀)မှ (၁၀၀၀၀)အထိရှိလာပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများဖြစ်သောကြောင့် ကျေးလက်ကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ရန် မူဝါဒသတ်မှတ်ချက်ဖြစ်သည့် လူဦးရေ(၁၀၀၀၀)ကနေ (၁၅၀၀၀)အတွင်းရှိတဲ့ အချက်ကို ခြွင်းချက်အနေနဲ့ ဒါကို မစဉ်းစားဘဲနဲ့ ကျွန်တော်တို့ ပေးမှာပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တိုးချဲ့ဖွင့်လှစ်မယ်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ ဝန်ထမ်းအတွက် တစ်နှစ်စာကုန်ကျစရိတ်က၊ စီမံခန့်ခွဲမှုကုန်ကျစရိတ်က (၇၁.၄) သန်းခန့် ကုန်ကျပါမယ်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခု တိုးချဲ့ဖွင့်လှစ်ပါက ဝန်ထမ်း(၁၅)ဦး၊

တစ်နှစ်စာကုန်ကျစရိတ်နှင့် စီမံခန့်ခွဲမှုကတော့ ကျွန်တော်တို့ (၁၆၄.၃၁)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒါ ကျွန်တော်က တမင်တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဖွင့်တယ်ဆိုတာမှာ နောက်ကွယ်မှာ ဒီလို ပိုက်ဆံတွေ နိုင်ငံတော်အစိုးရက လိုက်ရတယ်ဆိုတာကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေရရှိရေးအတွက်ကို ဦးစားပေး အစီအစဉ်နဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံခွင့်ပြုမိန့် ရဖို့ဆိုရင်လည်း ဝန်ထမ်း အပြည့်အဝကို အဖြစ်နိုင်ဆုံး ကျွန်တော်တို့ တာဝန်ချဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီ ကျန်းမာရေးဝန်ထမ်း အပြည့်အဝပေးမှုကိစ္စနဲ့ ပတ်သက်၍ကတော့ လစ်လပ်လျက်ရှိသော လက်ထောက် ကျန်းမာရေးမှူးရာထူး (၃)နေရာကို ယခု (၃၂)ကြိမ်မြောက် ကျေးလက်ကျန်းမာရေးဌာနမှူး (အကျဉ်းချုံး) သင်တန်းမှာ ဩဂုတ်လမှာ ပြီးမယ်ဆိုလို့ရှိရင် ဦးစားပေး ကျွန်တော်တို့ ခန့်ထားပေးပါမယ်။ နောက် လစ်လပ်လျက်ရှိသော သားဖွားဆရာမရာထူး(၈)နေရာကို ကျွန်တော်တို့ ချင်းမှာ သားဖွားသင်တန်းကျောင်း မရှိပါဘူး။ သူနာပြုပဲရှိပါတယ်။ သားဖွားသင်တန်းကျောင်း ရန်ကုန်မှာ ရှိပါတယ်။ ဒီ ဗဟိုသားဖွား သင်တန်းကျောင်း(ရန်ကုန်)မှ ၂၀၁၇ ခုနှစ်တွင် ဆင်းမည့် သားဖွားဆရာမများ အလုပ်ခန့်သည့်အချိန်တွင် ချင်းပြည်နယ်အတွက် ခွဲတမ်း(၄၄)ဦး ရှိပါတယ်။ အဲဒီ (၄၄)ဦးကို ကျွန်တော်တို့ ချင်းပြည်နယ် ပြန်ပို့ ပေးပါမယ်။

ပလက်ဝမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် (၁၀၀)ဆံ့အဖြစ်သို့ တိုးမြှင့်ရေး နှင့်ပတ်သက်၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် လူဦးရေ(၆)သောင်းကျော် နေထိုင်လျက်ရှိပြီး၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံကြီး(၁)ရုံ၊ ဆမီးတိုက်နယ်ဆေးရုံ၊ မီးဇာတိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံ (၃)ရုံ ဖွင့်လှစ်ထားပါတယ်။ အဲဒီတော့ ဆေးရုံရဲ့ ကိန်းဂဏန်းအရ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ခုတင်အသုံးချမှုက (၁၅၀)ရာခိုင်နှုန်းရှိမှ ခုတင်(၅၀)ကနေ (၁၀၀) ကို တိုးလို့ရပါတယ်။ အခု ခုတင်အသုံးချမှုနှုန်းကတော့ (၁၀၀)အထက်ကို မရောက်သေးပါဘူး။ (၈၇)၊ (၄၂)၊ (၇၀)လုံး၊ (၈၀)၊ (၇၀) ပဲတန်းနေတဲ့အတွက် လောလောဆယ်တော့ ခုတင်(၅၀)ကနေပြီးတော့ ခုတင်(၁၀၀)အဆင့် တိုးမြှင့်ရန်ကတော့ မလိုအပ်သေးကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော် အဲဒီ လောက်ပဲ ဖြေပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်း အပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ ၁၉-၅-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် အဆိုတင်သွင်းထားတဲ့ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများလိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာမြသောင်း ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က ဒေါက်တာမြသောင်း ဖြစ်ပါတယ်။ ဒေါက်တာစန်းမောင်မောင် အဆိုဖြစ်တဲ့ အစိုးရကနေပြီးတော့ အရေးယူကိုင်တွယ်ဖို့ တိုက်တွန်းတဲ့အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သုံးမှု၊ ကွမ်းစားမှုဓလေ့က ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့တဲ့ ဓလေ့တစ်ခုဖြစ်ပါတယ်။ ဘာကြောင့် လူတွေက ဒါကို စွဲလမ်းလဲဆိုတာ ဆန်းစစ်ကြည့်တဲ့အခါမှာ ဆေးရွက်ကြီးထဲမှာပါတဲ့ နီကိုတင်းဓာတ်ကြောင့် ဖြစ်ပါတယ်။ ဆေးလိပ်သောက်တဲ့သူက တစ်လိပ်ကနေနှစ်လိပ်၊ နှစ်လိပ်ကနေပြီးတော့ ပိုပြီးတော့ စွဲလမ်းလာတဲ့အခါမှာ ဘူးလိုက်သောက်တဲ့အထိ တိုးတက်လာပါတယ်။ ဆေးလိပ်သောက်တဲ့ မီးခိုးထဲမှာ ဓာတ်ပစ္စည်းပေါင်း လေးထောင်ကျော်ပါ ပါတယ်။ အဲဒီထဲမှာ ကင်ဆာရောဂါနှင့် အဆုတ်ရောဂါ စသည့် ရောဂါတွေကို ဖြစ်စေတဲ့ နီကိုတင်းဓာတ်တွေ ကာဗွန်ဒိုင်မိုနောက်ဆိုဒ်၊ အမိုးနီးယားဘင်ဇင်းဓာတ်တွေလည်း ပါ ပါတယ်။ ကိုယ်တိုင်မသောက်ပေမယ့် ဆေးလိပ်သောက်တဲ့ လူနားမှာရှိတဲ့ လူကလည်း မီးခိုးငွေ့ကို ရှူရတဲ့ အတွက် ကိုယ်တိုင်သောက်သလိုပဲ ရောဂါများ ရနိုင်ပါတယ်။ အဲဒီတော့ ရောဂါရတော့ ကျွန်တော်တို့ အားလုံးသိတဲ့အတိုင်းပါပဲ။ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ရုတ်တရက် နှလုံးသွေးရပ်ခြင်း၊

လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ ခြေပုတ်လက်ပုတ်ရောဂါ၊ ကလေးများမှာ ကျွန်တော်တို့ လသားကလေးငယ်များမှာ ဆေးလိပ်ငွေ့ကြောင့် ရုတ်တရက် သေဆုံးခြင်းများ ဖြစ်တတ်ပါတယ်။ ပန်းနာရင်ကျပ်တွေလည်း ဖြစ်တတ်ပါတယ်။

နောက်ကွမ်းစားတဲ့ ဆေးငုံတဲ့လေ့ကြောင့်လည်း ကျွန်တော်တို့ ပါးစပ်၊ လျှာ၊ အာခေါင်၊ အစာပြွန်၊ ဆီးအိမ်ကင်ဆာ စတဲ့ ကင်ဆာတွေ ဖြစ်တတ်ပါတယ်။ ကမ္ဘာမှာနှစ်စဉ် လူ(၆)သန်းခန့်ဟာ ဒီရောဂါများနဲ့ သေဆုံးနေပြီးတော့ နောင်မှာလည်း တိုးတက်မယ့် အလားအလာများ တွေ့နေရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်က ပြုလုပ်တဲ့ သုတေသနစာတမ်းအရ စုစုပေါင်း ဆေးလိပ်သောက်တဲ့နှုန်းက ကျွန်တော်တို့ ယောကျ်ားများက (၄၃.၈)ရာခိုင်နှုန်းရှိပြီးတော့ အမျိုးသမီးများက (၈.၄)ရာခိုင်နှုန်း၊ စုစုပေါင်း (၂၆.၁)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကွမ်းစားတဲ့ ဆေးငုံတဲ့သူက ပိုများပါ တယ်။ ယောကျ်ားများမှာ (၆၂.၂)ရာခိုင်နှုန်း၊ မိန်းမမှာ (၂၄.၁)ရာခိုင်နှုန်း စုစုပေါင်း (၄၃.၂)ရာခိုင်နှုန်း ရှိကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့ ပိုပြီးတော့စိုးရိမ်စရာ ကောင်းတာက သတ္တမတန်းကနေ ဒသမတန်းအထိ ကျောင်းသားလူငယ်များကို စစ်တမ်းကောက်ယူတဲ့အခါမှာ ၂၀၀၉ ခုနှစ်က (၆)ရာခိုင်နှုန်း ရှိရာက နေပြီးတော့ ၂၀၁၁ ခုနှစ်မှာ (၁၈.၆)ရာခိုင်နှုန်း၊ သုံးဆခန့် ပိုမိုများပြားလာတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေပြီးတော့ ဆေးလိပ်နဲ့ ဆေးရွက်ကြီး တားဆီးရေး မဟာဗျူဟာများကို ချမှတ်ပြီးတော့ အဖွဲ့ဝင်နိုင်ငံများကို ဆောင်ရွက်စေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဓိကဆွေးနွေးချင်တာကတော့ ဒီ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိန်းချုပ်တဲ့ ဥပဒေများက ကမ္ဘာ့နိုင်ငံများမှာ ပြဋ္ဌာန်းပါတယ်။ နောက်ဆေးလိပ်ငွေ့ ကင်းစင်တဲ့နေရာများ၊ ဆေးရွက်ကြီးကင်းစင်တဲ့နေရာများ သတ်မှတ်ဖော်ဆောင်ပါတယ်။ အများပြည်သူများကို ဆေးလိပ်နဲ့ ဆေးရွက်ကြီး အန္တရာယ်ကို အသိပညာပေးပါတယ်။ အဲဒီထဲမှာ နည်းတစ်နည်းအနေနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အခွန်တိုးမြှင့်ကောက်ခံဖို့ ညွှန်ကြားချက်တစ်ခုလည်း ပါပါတယ်။ အဖွဲ့ဝင်နိုင်ငံအသီးသီးက လက်မှတ်ရေးထိုးပြီးတော့ ဆောင်ရွက်ကြပါတယ်။

ဆေးလိပ်ရောင်းတဲ့ တန်ဖိုးပေါ်ကောက်တဲ့ အခွန်ဟာ ကျွန်တော်တို့ အရေအတွက်နဲ့ အမျိုးအစားပေါ်ကောက်တဲ့ အခွန်များ၊ နောက်တစ်ခါ ထပ်ဆောင်းအခွန်များ၊ Value Added Tax ထပ်ပြီးတော့ ကောက်ခံပါတယ်။ လက်လီရောင်းဈေးရဲ့ (၇၀)ရာခိုင်နှုန်းကို တိုးမြှင့်ကောက်ခံလို့ရှိရင် လက်ရှိသောက်သုံးသူများနဲ့ သောက်သုံးရန် တာစူနေတဲ့ လူငယ်များအရေအတွက် လျော့ပါးသွားကြောင်းကိုလည်း သုတေသနစာတမ်းများအရ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်တိုးမြှင့်ခြင်းကြောင့် ရောဂါဖြစ်ပွားမှု လျော့နည်းပြီးတော့ နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာပိုမိုရရှိတာကို တွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ထိုင်း၊ တောင်ကိုးရီးယား၊ မလေးရှား၊ အိန္ဒိယနိုင်ငံတွေမှာ ထပ်ဆင့်အခွန်ကောက်ခံလို့ ရရှိတဲ့ငွေတွေကို သီးခြားရန်ပုံငွေထားရှိပြီးတော့ ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများမှာ အသုံးချတာကို တွေ့ရပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံအနေနဲ့ ၁၉၉၃ ခုနှစ်က ဒီ ဆေးလိပ်၊ ဆေးရွက်ကြီးရတဲ့ အခွန်တွေဟာ ဘတ်သန်းပေါင်း နှစ်သောင်းကျော်

ရှိပြီးတော့ (၂)ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံတဲ့အတွက် ၂၀၁၃ ခုနှစ်မှာ ဘတ်သန်းပေါင်း လေးသိန်းကျော် ရရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေကို မေလ ၄ ရက်၊ ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီးတော့ ၂၀၀၇ မှာ စတင်အသက်ဝင်ပါတယ်။ ဒါပေမဲ့လည်း အခု (၁၀)နှစ် ကျော် ကြာပေမယ့် ထိရောက်တဲ့ ကျွန်တော်တို့ တိုးတက်မှုတွေ သိပ်ပြီးမတွေ့ရပါဘူး။

ဒါကြောင့်မို့လို့ ဒါကို နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူပြီးတော့ ဆောင်ရွက်ပေးဖို့ ဒီအဆိုကို ထောက်ခံတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဓိက Focal Ministry ဖြစ်တဲ့ ကျန်းမာရေးဝန်ကြီးဌာနသာမကပဲနဲ့ ဆက်စပ်နေတဲ့ ပြည်ထဲရေး၊ ပညာရေး၊ အခြားဝန်ကြီးဌာနများ ပူးပေါင်းပြီးဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ ဒီဥပဒေမှာ ကျွန်တော်တို့ အခန်း(၉)ခုနဲ့ ပုဒ်မပေါင်း(၂၀) ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီ ဥပဒေမှာလည်း လိုအပ်ချက်တွေ ရှိပါတယ်။ ကျွန်တော်တို့ ဒါကိုလည်း ထပ်ပြီးတော့ ပြင်ဆင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီမှာ ဆေးလိပ်မသောက်ရနေရာ (၁၅)နေရာ သတ်မှတ်ထားပေမယ့် ကွမ်းမစားရနေရာ ဆိုတာ မပါပါဘူး။ ဒီမှာ ကွမ်းနှင့်ပတ်သက်ပြီးတော့မှ အကျယ် တဝင့်ထပ်ပြီးတော့ ထည့်ဖို့လိုပါတယ်။ ၂၀၁၁ ခုနှစ်ကျမှ ကျွန်တော်တို့ အစိုးရရုံးအဆောက်အအုံ များမှာ ကွမ်းမစားဖို့၊ ကွမ်းတံတွေးမထွေးဖို့ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ ညွှန်ကြားချက်ထုတ်ပြန် တာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၃ ခုနှစ်မှာ ဒီကွန်းဗင်းရှင်းကို လက်မှတ်ရေးထိုးပြီးတော့ ၂၀၀၄ ခုနှစ်မှာ Ratification လုပ်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ ဥပဒေပြဋ္ဌာန်းတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာမတိုင်ခင်က ၂၀၀၀ ပြည့်နှစ်မှာ ကျွန်တော်တို့ ဆေးလိပ်ကြော်ငြာများကို ရေဒီယို၊ တီဗွီကနေပြီးတော့ ကြော်ငြာတာကို ပိတ်ပင်ခဲ့ရပါတယ်။ ၂၀၀၂ ခုနှစ်မှာ ကျောင်းများအားလုံးကို ဆေးလိပ် ကင်းစင်ကျောင်းများအဖြစ် သတ်မှတ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဥပဒေကို ထောက်ခံရတဲ့ အကြောင်းကတော့ ဒီဥပဒေက အများသူငါ ရောဂါဘယဘေးကနေ ကင်းဝေးဖို့ ဖြစ်ပါတယ်။ ဒီဟာကို ဆောင်ရွက်တဲ့နေရာမှာလည်း ကျွန်တော်တို့ စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ အချိန်ပြည့် စောင့်ကြပ်ကြည့်ရှုဖို့ ဝန်ထမ်းအင်အား မပြည့်စုံတာ ဖြစ်ပါတယ်။ နောက် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ပြည်သူလူထုကနေပြီးတော့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုပြီးတော့ စွဲလမ်းတာကို ပြောင်းလဲဖို့လိုပါတယ်။ နောက်တစ်ခုက ဆေးလိပ် ကုမ္ပဏီများကို ဆန့်ကျင်မှု ဒါတွေက စိန်ခေါ်မှုများ ဖြစ်ပါတယ်။ ဒီလို စိန်ခေါ်မှုများကို ကျွန်တော်တို့ ပြည်သူများကလည်း နားလည်သဘောပေါက်ပြီးတော့ ဥပဒေများကို လိုက်နာကျင့်သုံးပြီး အစိုးရက လည်း အရေးယူဆောင်ရွက်ပေးဖို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်က လေးနက်စွာ ထောက်ခံ ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဒေါက်တာသန်းဝင်း ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် တင်သွင်းခဲ့တဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များမှ ကြီးကြပ်အရေးယူမှု အားနည်းနေခြင်းကို အစိုးရမှကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်သောက်သုံးခြင်းကြောင့် ခန္ဓာကိုယ်အနှံ့ ထိခိုက်ပျက်စီးစေတတ်ပါတယ်။ ဆေးလိပ်မီးညှိဖွာရှိုက်ချိန်မှာ ဓာတုပစ္စည်း(၇၀၀၀)ခန့် ထွက်လာပြီး အမျိုး(၇၀)လောက်က ကင်ဆာဖြစ်စေပါတယ်။ ဆေးလိပ်သောက်ချိန်မှာ ခေတ္တတက်ကြွနေပေမယ့် နောက်ပိုင်းမှာ နုံးချည့်လာပြီး စိတ်တိုခြင်း၊ စိတ်ကျခြင်း၊ ပူပန်ခြင်းတွေ ဖြစ်စေပါတယ်။ အဆုတ်၊ အစာအိမ်၊ အူမကြီး၊ စအို၊ အသည်း၊ ကျောက်ကပ်၊ ဆီးအိမ်၊ သားအိမ်ခေါင်းနှင့် သွေးကင်ဆာတွေ ဖြစ်ပေါ်စေတတ်ပါတယ်။ ဆေးလိပ်ငွေ့ကို တိုက်ရိုက်တွေ့ထိတဲ့ လေပြွန်နှင့် အဆုတ်မှာ အဆုတ်ရောင်ခြင်းနဲ့ နာတာရှည် အဆုတ်ရောဂါပေါင်းစုံ ဖြစ်စေတတ်ပါတယ်။

ခန္ဓာကိုယ်အနှံ့ သွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ သွေးတိုးခြင်း၊ ဦးနှောက်သွေးကြောပျက်ခြင်း ဖြစ်စေတတ်ပါတယ်။ ဆံပင်ကျွတ်တာ၊ ဆံပင်ဖြူတာ၊ အရေပြားကင်ဆာဖြစ်တာ၊ ဆီးချိုဖြစ်တာတွေ များစေပါတယ်။ ဆေးလိပ်ကြောင့် အမျိုးသားရော၊ အမျိုးသမီးပါ သားသမီးရနိုင်ခြေ နည်းစေပါတယ်။ ဆေးလိပ်သောက်သူ ကိုယ်ဝန်ဆောင် မိခင်လောင်းများမှာ လမစေ့ဘဲမွေးဖွားခြင်း၊ ကလေးအသေမွေးခြင်း၊ ပေါင်ချိန်မပြည့်ဘဲ ဖွားခြင်းနှင့် နှုတ်ခမ်းကွဲအာခေါင်ကွဲ ကလေးများ မွေးခြင်းတို့ ဖြစ်ပေါ်တတ်ပါတယ်။

ဆေးလိပ်သောက်ခြင်းကြောင့် သောက်သုံးသူရဲ့ ကျန်းမာရေးကို ထိခိုက်စေတာ သာမကဘဲ အနီးပတ်ဝန်းကျင်က လူတွေကိုပါ ဆတူထိခိုက်စေပါတယ်။ ကိုယ်တိုင်မသောက်ဘဲ တစ်ဆင့်ခံ ဆေးလိပ်ငွေ့မိသူတွေမှာ ဆေးလိပ်မီးခိုးငွေ့ဟာ ဆေးလိပ်သောက်သူ ရှုရှိုက်တဲ့ ဆေးလိပ်ငွေ့ထက်ပင် ပိုမိုအန္တရာယ်ဖြစ်စေပြီး လျှောင်ပိတ်ချိန်ကြာလေလေ အန္တရာယ်ပိုများလေလေ ဖြစ်ပါတယ်။ မိနစ်ပိုင်း၊ နာရီပိုင်းသာ တစ်ဆင့်ခံ ဆေးလိပ်ငွေ့မိသူမှာ ရေရှည်ဆေးလိပ်သောက်သူတွေလိုပဲ နှလုံးကို ထိခိုက်စေနိုင်ပါတယ်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့မိခြင်းကြောင့် လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်းနှင့် အရွယ်မတိုင်မီ သေဆုံးခြင်းလည်း ဖြစ်စေပါတယ်။ ဆေးလိပ်သောက်သူလိုပဲ တစ်ဆင့်ခံ ဆေးလိပ်ငွေ့မိသူတွေမှာ ခန္ဓာအနှံ့ ကျန်းမာရေးကို ထိခိုက်တတ်ပါတယ်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့မိသူ ကလေးငယ်များမှာ ပုခက်တွင်း ရုတ်တရက်သေဆုံးခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ အဆုတ်ရောဂါ၊ ဦးနှောက်အမြှေးရောင်ခြင်း၊ နားပြည်ယိုခြင်း၊ နားလေးခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလ ကတည်းက ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၀၇ ခုနှစ်၊ မေလ မှာ အာဏာတည်ခဲ့တာဖြစ်လို့ (၁၀)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဥပဒေရဲ့ ရည်ရွယ်ချက်တွေမှာ ဆေးလိပ်ငွေ့ ကင်းစင်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးရန်ဆိုတဲ့ အချက်ပါရှိပါတယ်။ ဥပဒေပုဒ်မ ၆ မှာ ဆေးလိပ်လုံးဝသောက်ခွင့်မရှိတဲ့ နေရာတွေအဖြစ် ဆေးရုံ၊ အားကစားရုံ၊ ကျောင်းနှင့်တက္ကသိုလ်များ၊ ရုပ်ရှင်ရုံ၊ ပွဲကျင်းပတဲ့ အဆောက်အအုံတွေ၊ အမိုးအကာရှိတဲ့ ဈေးရုံတွေ၊ ခရီးသည်သယ်ယူပို့ဆောင်တဲ့ မော်တော်ယာဉ်၊ လေယာဉ်တွေစတဲ့ အများပြည်သူဆိုင်တဲ့ နေရာတွေမှာ ဆေးလိပ်လုံးဝသောက်ခွင့် မရှိတဲ့ နေရာတွေအဖြစ် ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၇ မှာ လူအများ ဝင်ထွက်သွားလာနိုင်တဲ့ ရုံး၊ ဌာန၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဘူတာရုံ၊ လေဆိပ်၊ ပျော်ပွဲစားရုံ၊ ခရီးသည်တင်ရထား၊ ရေယာဉ် စတဲ့ နေရာတွေမှာ ဆေးလိပ်သောက်ခွင့်ရှိတဲ့ သီးသန့်နေရာတွေမှအပ ဆေးလိပ်သောက်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ပုဒ်မ ၉ မှာ ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာဖြစ်ကြောင်း စာတမ်းနှင့် အမှတ်အသားတွေ ထားရှိဖို့၊ ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာတွင် မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုဖို့ ကြပ်မတ်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးဆောင်ရွက်ရမှာ ကိုယ်တိုင်ရွေးချယ် သောက်သုံးတာမဟုတ်ပဲ တခြားသူကြောင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့မိကာ သတိမပြုမိ၊ မသိလိုက်ရဘဲ ကျန်းမာရေးထိခိုက်မှုတွေ ခံစားရတဲ့ ဆေးလိပ်သောက်သူ အနီးအနားက ပြည်သူတွေကို အကာအကွယ်ပေးနိုင်စေဖို့အတွက် ဆေးလိပ်နဲ့

ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာကြစေဖို့၊ အများပြည်သူများနှင့် သက်ဆိုင်တဲ့ နေရာအသီးသီးအတွက် တာဝန်ရှိသူများက တာဝန်ယူကြီးကြပ် ဆောင်ရွက်ကြစေရန် တိုက်တွန်းအပ်ပါတယ်။ ဆေးလိပ်သောက်သုံးသူများအနေနဲ့ကလည်း မိမိရဲ့ မိသားစု၊ အတူနေထိုင်လုပ်ကိုင်သူ၊ အနီးရှိသူများကို မိမိသောက်သုံးသောဆေးလိပ်ငွေ့ကြောင့် အန္တရာယ်ရှိ ထိခိုက်မှုမဖြစ်ရအောင် စည်းကမ်းလိုက်နာ အသိရှိဖို့ လိုအပ်ပါတယ်။ ပြဋ္ဌာန်းပြီး ဥပဒေကို အမှန်တကယ်လေးစား လိုက်နာရေးအတွက် တာဝန်ယူကြီးကြပ်ပေးသင့်ကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်း ဖြစ်ပါတယ်။ ဒေါက်တာစန်းမောင်မောင် ရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point နှင့် အင်္ဂလိပ်စာ အသုံးအနှုန်းများ သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် မေလမှာ ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဖော်ပြချက်အရ ကမ္ဘာပေါ်မှာ ဆေးလိပ်သောက်သုံးမှုကြောင့် လူပေါင်း(၇)သန်းကျော် နှစ်စဉ်သေဆုံးနေကြရပါတယ်။ အဲဒီက (၆)သန်းကျော်ကတော့ ကိုယ်တိုင်ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးခဲ့တာပါ။ ကျန်တဲ့ (၉)သိန်းနီးပါးကတော့ ကိုယ်တိုင်မသောက်ဘဲ သူတစ်ပါးသောက်တဲ့ ဆေးလိပ်ငွေ့တွေကို ရှူရှိုက်ရာမှ ရောဂါရရှိပြီး သေဆုံးခဲ့တာပါ။ မြန်မာနိုင်ငံမှာလည်း ၂၀၀၉ ခုနှစ်မှာ ကျား၊ မ နှစ်ရပ်ပေါင်း ဆေးလိပ်သောက်သုံးမှုဟာ (၂၂)ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ (၂၆.၁)ရာခိုင်နှုန်းအထိ (၄)ရာခိုင်နှုန်း တိုးလာခဲ့ပါတယ်။ ဆေးရွက်ကြီးပါတဲ့ ကွမ်းယာစားသုံးမှုကလည်း အမျိုးသားတွေရော၊ အမျိုးသမီးတွေမှာပါ ပိုမိုများပြားလာတာကို တွေ့နေရပါတယ်။ အသက်(၁၃)နှစ်မှ (၁၅)နှစ်အကြား ကျောင်းနေရွယ်ကလေးတွေဟာလည်း ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုတွေ ပိုမိုများပြားလာခဲ့တာကို တွေ့နေရပါတယ်။ ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါတွေ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေနဲ့ ကင်ဆာရောဂါတွေကို ဖြစ်ပွားစေပါတယ်။ ကိုယ်ဝန်ဆောင် မိခင်တွေဟာ ဆေးလိပ်သောက်ခြင်းကြောင့် သန္ဓေသားကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ဆေးရွက်ကြီး အစိုရွက်တွေကို ကိုင်တွယ်ထိတွေ့ရာမှလည်း Green Tobacco Sickness ရောဂါရရှိပြီး ဆေးလိပ်သောက်သလိုပဲ ရောဂါရရှိနိုင်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ Framework Convention on Tobacco Control -FCTC ကို အတည်ပြုဝင်ရောက်ထားတာ ရှိပါတယ်။ အဲဒီနောက် ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်၊ မေ ၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ တစ်နှစ်အကြာ ၂၀၀၇ ခုနှစ်၊ မေလ ၄ ရက်နေ့မှာ အာဏာတည်ခဲ့ပါတယ်။ အဲဒီတော့ ဥပဒေအာဏာတည်ခဲ့တာ (၁၀)နှစ်ရှိပေမယ့် လိုက်နာကျင့်သုံးမှုနှင့် ကြီးကြပ်အရေးယူမှုတွေကတော့ မရှိသလောက် နည်းပါးနေဆဲ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် အစိုးရတွေအနေနဲ့လည်း ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွေကို ဥပဒေ မပြဋ္ဌာန်းမီကတည်းက အစပျိုးလုပ်ဆောင်ခဲ့ကြပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ တီဗွီ၊ ရေဒီယိုတွေမှာ ဆေးလိပ်ကြော်ငြာတွေကို တားမြစ်ခဲ့ပါတယ်။ အဲဒီနောက် ကြော်ငြာဆိုင်းဘုတ်တွေ၊ ပုံနှိပ်မီဒီယာတွေမှာ တားမြစ်ခဲ့ပါတယ်။ ဆေးလိပ်ကင်းစင်နယ်မြေတွေ သတ်မှတ်ပေးပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းရဲ့ အန္တရာယ်တွေကို ကျောင်းသင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းသင်ကြားစေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ဆေးလိပ်ကြောင့် ရောဂါဖြစ်ပွားမှု သတိပေးဓာတ်ပုံ (Pictorial Health Warnings) တွေကို စီးကရက်ဘူးခွံတွေမှာ ပုံနှိပ်ဖော်ပြဖို့ ညွှန်ကြားခဲ့ပါတယ်။ ဒါပေမဲ့ ဆေးလိပ်သောက်ကြတဲ့သူတွေကတော့ ဂရုမစိုက်ဘဲနဲ့ ဆက်လက်သောက်နေကြဆဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေပါ ပုဒ်မအချို့ကို ကောက်နုတ်တင်ပြရရင် ပုဒ်မ ၆ မှာပါတဲ့ ဆေးလိပ်လုံးဝသောက်ခွင့်မရှိတဲ့ နေရာတွေကို သတ်မှတ်ပေးထားပေမယ့် ဆေးလိပ်ကို နေရာမရွေးသောက်နေကြဆဲ ဖြစ်ပါတယ်။ လူစည်ကားရာ နေရာတွေနှင့် အဆောက်အအုံအချို့မှာ ဆေးလိပ်သောက်ခွင့်ရှိတဲ့ သီးသန့်နေရာတွေကို တာဝန်ခံပုဂ္ဂိုလ်တွေက သတ်မှတ်ထားမှု မရှိကြပါဘူး။ သတ်မှတ်ထားပေမယ့်လည်း လိုက်နာအောင် ကြပ်မတ်ဆောင်ရွက်ထားမှု မရှိတာကို တွေ့နေရပါတယ်။ တားမြစ်ထားတဲ့ နေရာတွေမှာ ဆေးလိပ်သောက်နေကြတာကိုလည်း ဆေးလိပ်မသောက်တဲ့သူတွေက ကန့်ကွက်ခြင်း မရှိကြပါဘူး။ ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)မှာပါတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ကွမ်းယာစွဲလမ်းမှုကို ဖြတ်တောက်နိုင်ဖို့အတွက် လူထုအတွင်း ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်သေးပါဘူး။ ပုဒ်မ ၁၁ မှာပါတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြော်ငြာတွေနဲ့ ပတ်သက်ပြီး တားမြစ်ချက်အချို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ လက်ဘက်ရည်ဆိုင်အချို့နဲ့ စားသောက်ဆိုင်အချို့မှာ ဆေးလိပ်အရောင်းမြှင့်တင်ရေးတွေကို လုပ်နေကြဆဲ ဖြစ်ပါတယ်။

ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၁၄ နဲ့ ၁၅ ပါ ညွှန်ကြားချက်တွေကို ဆေးလိပ်ကို လက်လီလက်ကားရောင်းချနေသူတွေက လိုက်နာခြင်းမရှိသလို၊ တာဝန်ရှိသူတွေကလည်း လိုက်နာအောင် ကြပ်မတ်ဆောင်ရွက်ခြင်းကိုလည်း မရှိတာတွေ့ရပါတယ်။ ထင်ရှားတဲ့ ဥပမာပြောရရင် စာသင်ကျောင်းတွေအနီးမှာ ဘတ်စ်ကားမှတ်တိုင်တွေနဲ့ မီးပွိုင့်တွေမှာ ဆေးလိပ်ကို တစ်လိပ်ခြင်း အလွယ်တကူ ဝယ်လို့ရနေပါတယ်။ ဒါ့အပြင် ငွေအကြွေအမ်းရာမှာလည်း ဆေးလိပ်နဲ့ ပြန်အမ်းနေတာတွေကို တွေ့နေရပါတယ်။ အရှေ့တောင်အာရှ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေး မိတ်ဖက်အဖွဲ့အစည်း (South East Asia Tobacco Control Alliance) ရဲ့ လေ့လာတွေ့ရှိချက်အရ မြန်မာနိုင်ငံဟာ WHO ရဲ့

FCTC ညွှန်ကြားချက်ဖြစ်တဲ့ In Power များကို လိုက်နာအကောင်အထည်ဖော်ရာမှာ ပေးမှတ် (၁၀၀)မှာ ရမှတ် (၄၅.၇)မှတ် ရရှိပြီး နောက်ဆုံးအဆင့် ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြုဆွေးနွေးလိုတာကတော့ ငွေရှင်းကောင်တာနဲ့ Point of Sale ဈေးတွေမှာ ဆေးလိပ်တွေကို ခင်းကျင်းပြသထားတာနဲ့ ဆေးလိပ်ရောင်းချခြင်းတွေကို တားမြစ်သင့်ပါတယ်။ အထူးကုန်စည်တွေဖြစ်တဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတွေ၊ ကွမ်းစားဆေးတွေအပေါ်မှာ စည်းကြပ်ရရှိတဲ့ အခွန်အကောက်ငွေထဲက အချို့ကို ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးဆောင်ရွက်ရာမှာ ပြန်လည်အသုံးချသင့်ပါတယ်။ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးအတွက် လူသားအရင်းအမြစ် အပါအဝင် အခြားလိုအပ်ချက်တွေကိုလည်း အခုထက်ပိုပြီး ပိုမိုဖြည့်ဆည်းပေးသင့်ပါတယ်။ တားမြစ်ထားတဲ့ နေရာတွေမှာ ဆေးလိပ်သောက်တာ၊ ကွမ်းယာစားတာ၊ စည်းကမ်းမဲ့စွာကွမ်းတံထွေး ထွေးတာ ရှိလို့ရှိရင်လည်း ပြည်သူတွေက ဝိုင်းဝန်းထိန်းကျောင်းသင့်ပါတယ်။ ထို့အတူပဲ သတင်းပေးခြင်းနှင့် ဒဏ်ငွေရိုက်ခြင်းကဲ့သို့သော အခြားထိရောက်တဲ့ အရေးယူမှုတွေကိုလည်း ပြုလုပ်သင့်ပါတယ်။ ဆေးလိပ်ကုမ္ပဏီတွေ၊ ဆေးလိပ်စက်ရုံတွေဘက်က ဥပဒေချိုးဖောက်မှုရှိလို့ရှိရင်လည်း ထိရောက်စွာ အရေးယူသင့်ပါတယ်။ ပြည်သူလူထုအကြား ဆေးလိပ်သောက်သုံးမှုနဲ့ ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ ဆေးလိပ်သောက်ခြင်း အန္တရာယ်တွေကို ကျယ်ပြန့်စွာသိရှိပြီး လိုက်နာနိုင်ဖို့အတွက် Mass Media Campaign ကဲ့သို့သော အစီအစဉ်များကို ပြုလုပ်သင့်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုတွေ၊ ကွမ်းယာစားသုံးမှုတွေဟာ မြန်မာနိုင်ငံတစ်ဝန်းမှာ နှစ်စဉ် များပြားလျက်ရှိပါတယ်။ ထိထိရောက်ရောက် မထိန်းချုပ်နိုင်ရင်တော့ အနာဂတ်အတွက် အင်မတန်ရင်လေးစရာ ဖြစ်ပါတယ်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် ရရှိတဲ့ ရောဂါတွေ၊ သေဆုံးမှုတွေကြောင့် အနာဂတ်မျိုးဆက်သစ်လူငယ်တွေ၊ လူသားအရင်းအမြစ်တွေ ဆုံးရှုံးရပြီးတော့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ နှောင့်နှေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ ချမှတ်ထားတဲ့ စည်းကမ်းချက်တွေ၊ ပြစ်ဒဏ်တွေကို ပြည်သူတွေကသိရှိပြီး လိုက်နာသွားကြဖို့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ကြီးကြပ်ရေးမှုးတွေကို အခုထက်ပိုပြီး ထိရောက်စွာ ဆောင်ရွက်သင့်ပါတယ်။ ယခုနှစ်ရဲ့ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်ဖြစ်တဲ့ "ဖွံ့ဖြိုးမှုအတွက် အဟန့်အတားမို့ ဆေးလိပ်၊ ဆေးရွက် တိုက်ဖျက်စို့" လို့ တိုက်တွန်းချက်အတိုင်းပဲ ကျွန်တော်တို့ ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၁။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် ၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်တွင် ဆေးလိပ်ကို စွဲမြဲစွာ သောက်သုံးနေသူ သန်း(၁၀၀၀)ခန့် ရှိပြီး နှစ်စဉ် လူဦးရေ(၆)သန်းခန့်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကြောင့် သေဆုံးနေကြရပါတယ်။ ၎င်း(၆)သန်းထဲမှ (၆)သောင်းခန့်သည် ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲ သူတစ်ပါး သောက်သုံးသော ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရင်း သေဆုံးနေကြောင်း သိရှိရပါတယ်။ အချိန် (၆) စက္ကန့်တိုင်း ဆေးလိပ်သောက်သူတစ်ဦးသေဆုံးပြီး၊ တစ်မိနစ်တိုင်း တစ်ဆင့်ခံရှူရိုက်နေရသူ အပြစ်မဲ့ လူသားတစ်ဦး သေဆုံးနေကြရပါတယ်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို လူ(၁၀၀)ဦးလျှင် (၅၄)ဦးမှာ ဆေးလိပ်ကို စွဲမြဲစွာ သောက်သုံးနေကြပြီး၊ ကျန်(၄၆)ဦးမှာ ဆေးရွက်ကြီးပါသော ပစ္စည်းများကို စားသုံးသူများ ဖြစ်ကြပါတယ်။ ၂၀၀၉ ခုနှစ် လေ့လာမှုများအရ မြန်မာ အမျိုးသား(၅၁)ရာခိုင်နှုန်းနှင့် အမျိုးသမီး(၁၆)ရာခိုင်နှုန်းတို့သည် ကွမ်းယာကို စွဲမြဲစွာ စားသုံးနေကြပြီး ဒေသတွင်း အာဆီယံနိုင်ငံများအတွင်း အမြင့်မားဆုံးဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ ဆေးရွက်ကြီးတွင် အဓိကပါဝင်သည့် နီကိုတင်း၊ နိုက်ထရိုဆလင်းဓာတ်များသည် စိတ်ကြွခြင်း၊ မူးယစ်စေခြင်းအပြင် မစားရ မနေနိုင်သည့် စွဲလမ်းမှုများကိုလည်း ဖြစ်စေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များ အနေဖြင့် ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲမွေးခြင်း၊ မွေးသောကလေးမှာလည်း ပေါင်မပြည့်ခြင်းတို့ကို ဖြစ်စေနိုင်ပါတယ်။ ကွမ်းစားသူ နို့တိုက်မိခင်၏ နို့ရည်တို့တွင်ပါဝင်သည့် ဓာတုပစ္စည်းများကြောင့် ကလေးများ ဉာဏ်ရည်မပြည့်ခြင်း၊ ကလေးကြီးထွားမှုကို ထိခိုက်စေခြင်းများလည်း ဖြစ်ပေါ်စေနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်ကတည်းက ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေး (Smoking or Health, the choice is yours) ဟူသော ကမ္ဘာ့ကျန်းမာရေး ဆောင်ပုဒ်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေး စီမံကိန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ပြည်သူလူထုအများစုထံ ထိရောက်စွာ ပညာမပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၉၅ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ကျင်းပသည့် (၄၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်မည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ရေးဆွဲရန် ဆုံးဖြတ်ချက် ချခဲ့ကြပါတယ်။ (၇)နှစ်ကြာ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခဲ့ပြီး (၅၂)ကြိမ်မြောက် ကျန်းမာရေးညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို သဘောတူကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေး ဥပဒေကြမ်း ရေးဆွဲခြင်းကို ၂၀၀၂ ခုနှစ်စတင်ပြီး ပညာရှင်ပေါင်းစုံ ပါဝင်လျက် ရေးဆွဲခဲ့ရာ ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်

နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဥပဒေထုတ်ပြန်ပြီး တစ်နှစ်အကြာ ၂၀၀၇ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဥပဒေကို အသက်ဝင်စေခဲ့ပါတယ်။ ဥပဒေကို အခန်း(၉)ခန်း၊ ပုဒ်မ(၂၀) ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု အားနည်းနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဂျီနီဗာကွန်ဗင်းရှင်း၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်နိုင်ရေး မဟာဗျူဟာ(၆)ရပ်တွင် အခွန်တိုးမြှင့်ကောက်ခံခြင်း ပါဝင်သော်လည်း ထိုဥပဒေတွင် အခွန်တိုးမြှင့်ကောက်ခံခြင်းအကြောင်း ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။

ထင်ရှားသော ဥပဒေ၏ ပုဒ်မ အချို့ကို တင်ပြရရင် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)တွင် နိုင်ငံတော်အစိုးရအဖွဲ့က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်မှုဗဟိုအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်။ ပုဒ်မ ၅ တွင် လုပ်ငန်းတာဝန် သတ်မှတ်ပေးရမည်။ ပုဒ်မခွဲ ၅(ဂ)တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများ စွဲလမ်းနေမှုနှင့် ဆေးလိပ်သောက်သုံးမှု လုံးဝရပ်တန့်နိုင်စေရန် အစီအစဥ်များ ချမှတ်ဆောင်ရွက်ရန်များ ပါရှိပါတယ်။ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု လုံးဝရပ်တန့်စေသည့် ဆေးကုသမှုအပါအဝင် အခြားအသိပညာပေးရေးလုပ်ငန်းများကို ကျယ် ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ရန်ကုန်တိုင်း(၂၅)မြို့နယ်၏ ကျန်းမာရေးဝန်ထမ်းများအား ၁၉၉၄ ခုနှစ်တွင် ဆေးလိပ်သုံးစွဲမှု ရှိ/မရှိ စစ်တမ်းကောက်ယူသည့်အခါ ကျန်းမာရေးဝန်ထမ်းများ၏ (၇)ရာခိုင်နှုန်းက ဆေးလိပ်သောက်မြဲ သောက်သုံးနေပြီး၊ (၁၇)ရာခိုင်နှုန်းသည်လည်း ဆေးလိပ်သောက်သုံးမြဲ သောက်သုံးနေကြောင်း တွေ့ရှိရပါတယ်။ ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ဆေးလိပ်သုံးစွဲနေသည့်အတွက် လူအများအား ဆေးလိပ်မသောက်ရန် ပညာပေးမှုများ ခက်ခဲသွားစေခဲ့ပါတယ်။ ပုဒ်မ ၁၅ တွင် စီးကရက်ကို တစ်လိပ်ခြင်းဖြစ်စေ၊ အလိပ်(၂၀)ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းမပြုရဟု အတိအလင်းဆိုထားသော်လည်း လက်ဘက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် သူ့ထက်ငါအပြိုင် တင်ထားသည်ကိုလည်း တွေ့ရှိရပါတယ်။ (၁၈)နှစ်မပြည့်သောသူများကို ရောင်းချခြင်းမပြုရဟု ဥပဒေတွင် ပါရှိသော်လည်း အသက်မပြည့်သော ကလေးငယ်များကိုသာ အခြေပြုလျက် အရောင်းမြှင့်တင်ပေးလျက် ရှိသည်ကို တွေ့ရှိရပါတယ်။ ဥပဒေတွင် ဆေးလိပ်မသောက်ရနေရာများ သတ်မှတ်ထားသော်လည်း ပြည်သူ(၁၀၀)လျှင် (၂)ဦးခန့်သာ သိရှိကြောင်း စစ်တမ်းများက ဆိုပါတယ်။ ကွမ်းမစားရ နေရာများကိုမူ အစိုးရရုံးဌာနများကလွဲ၍ သတ်သတ် မှတ်မှတ်မထားရှိသေးကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအချိန်မှာ အဆောက်အအုံများ၊ အလှအပပစ္စည်းများ သန့်ရှင်းရေး ခက်ခဲခြင်းကိုသာ ရည်ရွယ်ပြီး ကွမ်းစားခြင်းကို ရုံးခန်းများတွင် သာမန် မေတ္တာရပ်ခံခြင်းမျိုးသာ တွေ့ရှိရပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးထိန်းချုပ်နိုင်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း ပြည်သူများအကြားတွင် ဥပဒေရည်ရွယ်ချက်နှင့် လုပ်ငန်းစဥ်များကို မသိရှိ၊ နားမလည်သည့်အတွက် ဥပဒေဆိုင်ရာ ပညာပေးမှုများကို တိုးချဲ့ရန် လိုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) တင်သွင်းသော မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး

ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများလိုက်နာ ကျင့်သုံးမှု၊ အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ ကျွန်မဆွေးနွေးမှာက ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများဟာ လူကို စွဲလမ်းစေတတ်သောကြောင့် တိုက်ဖျက်ရေးမှာ အလွန်ခက်ခဲတဲ့ အကြောင်းကို လက်ခံရပါမယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျွန်မအတွေ့အကြုံအရ ထိုစွဲလမ်းမှုကို ဖြတ်တောက်ရန် တိုက်တွန်းဖို့ အလွန်ခက်ခဲပါတယ်။ ကျွန်မ အတွေ့အကြုံအရ ဆိုလို့ရှိရင် ကျွန်မ လူနာတစ်ယောက်က အမျိုးသမီးပါ အသက်(၃၀)ကျော်ကျော်ပဲ ရှိသေးတယ်။ သူ တောက်လျှောက် ကွမ်းကို ပါးစပ်နဲ့မပြတ်ဘူး။ ပြီးတော့ ညကို ကွမ်းငုံပြီး အိပ်ပါတယ်။ ကျွန်မလည်း အတတ်နိုင်ဆုံး ပြောပေမယ့်လည်း သူဟာ ပါးစပ်ကင်ဆာ၊ ပါးစောင်ကင်ဆာနဲ့ပဲ သူဟာ သေဆုံးသွားပါတယ်။ အဲဒါကြောင့်မို့လို့ မလွယ်ဘူးဆိုတဲ့ ကိစ္စတစ်ခုကို ပြောချင်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင်၏ဆိုသော သတိပေးစာများအပြင် လျှာကင်ဆာ၊ ပါးစပ်ကင်ဆာ၊ လည်ချောင်းကင်ဆာ စသော အလွန်ကြောက်စရာကောင်းသည့် ပုံများကို ဆေးလိပ်ဘူးများတွင် ရိုက်နှိပ်ပြသထားပေမယ့် ဆေးလိပ်ကို စွဲလမ်းနေသူများ မကြောက်ကြပါဘူး။ ဤ(၃)ချက်ကို ကြည့်ခြင်းအားဖြင့် စွဲလမ်းနေသူများအတွက် အန္တရာယ်အလွန် ကြီးမားနေသော်ငြား ကာယကံရှင်များက ဖြတ်တောက်ရန် ငြင်းဆန်နေ၍ ယခုလို အခက်အခဲဖြစ်နေရခြင်း ဖြစ်ပါတယ်။

ထိုကြောင့် ဥပဒေရေးဆွဲ ပြဋ္ဌာန်းပြီးကြောင်း လူထုကို အခုထက် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့ လိုပါတယ်။ ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင်ရုံမျှမက အသက်အန္တရာယ်ရှိကြောင်းကို ခုထက်ပိုမို အသိပေးဖို့ လိုပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ အဲဒီကိစ္စအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများရဲ့ အကူအညီလိုပါတယ်။ တရားဥပဒေစိုးမိုးရေးကို ပြောပြီးတော့ ဥပဒေနှင့် နည်းဥပဒေကို မည်သို့ပင်

ပြဋ္ဌာန်းစေကာမူ အရွယ်မရောက်သေးတဲ့ ကလေးလေးတွေကို ဆေးလိပ်တစ်လိပ်ချင်းစီ ရောင်းတယ်။ ပြီးတော့ ကျောင်းနားမှာ ကွမ်းယာဆိုင် ဖွင့်ခွင့်ရှိတယ်။ အဲဒီဟာတွေက ဘာကြောင့်လဲဆိုလို့ရှိရင် ငယ်ရွယ်စဉ်အခါမှာ ပြည်သူတစ်ယောက်အနေနဲ့ လိုက်နာကျင့်သုံးရမယ့် ပြည်သူ့နီတိကို လက်ခံကျင့်သုံးအောင် သေသေချာချာ မသင်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ အဲဒီလိုမျိုး လူတွေဟာ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုပြီးတော့ လုပ်နေကြတဲ့လူတွေ များပြားနေတဲ့အတွက်ကြောင့်ပဲ ဒီစီမံကိန်းက မအောင်မြင်တာ ဖြစ်ပါတယ်။ ပစ္စုပ္ပန်မှာ မျှော်လင့်ချက် အင်မတန် နည်းပေမယ့် အနာဂတ်လူငယ်တွေ အတွက်တော့ အခုထက်ပို စဉ်းစားပေးရပါမယ်။ ပညာပေးတာကို လူတွေ သိပ်လက်မခံချင်ကြပါဘူး။ ဆွေးနွေးကြပါဆိုရင်တော့ ဝင်ရောက်ဆွေးနွေးကြတယ်။

ဒီအတွက် ဆွေးနွေးပွဲတွေ ဖြတ်ချင်သူတွေအတွက် ဘယ်လိုကူညီမယ် ဆိုတာကို ကျွန်မတို့ဘက်က ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်ပင်ပြီး စီစဉ်ဆောင်ရွက်ရပါမယ်။ ဤနေရာတွင် "အမှိုက်မပစ်ရ"လို့ ဆိုပြီးတော့ "ဘယ်နေရာမှာ အမှိုက်ပစ်ပါ"လို့ မပြဋ္ဌာန်းထားဘူး ဆိုလို့ရှိရင် "ဒီနေရာကလွဲပြီးတော့ ဘယ်မှာမဆို အမှိုက်ပစ်နေကြမှာပဲ။" ဒီလိုပါပဲ ဆေးလိပ်သောက်ခြင်းသည် မကောင်းဘူးဆိုပြီး ဆေးလိပ်ပြတ်အောင် ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာ ပြည်ထောင်စုအစိုးရက နည်းပေးလမ်းပြဖို့ လိုပါတယ်။ အထူးသဖြင့် ဆေးလိပ်မသောက်သေးတဲ့၊ ဆေးလိပ်ကို မစွဲလမ်းသေးတဲ့၊ ကွမ်းမစားသေးတဲ့၊ ကွမ်းစားဖို့ အင်မတန်ငယ်ရွယ်သေးတဲ့သူများအတွက် ပိုစဉ်းစားရပါမယ်။ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ ဆိုတဲ့နေရာများကိုတော့ ပြဋ္ဌာန်းပြီးပါပြီ။ ဒါပေမဲ့ ဒီဥပဒေ အသက်ဝင်ဖို့ဟာ လူတွေ ဘယ်လိုဖြတ်ရမလဲ နည်းပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ အားလုံးပါဝင်ဖို့ လိုအပ်ကြောင်း ဆွေးနွေးအပ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၁။**

**ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က ဦးဝင်းဇော် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် တင်သွင်းတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု ထိန်းချုပ်ရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းသော်လည်း ပြည်သူများ လိုက်နာမှုနှင့် အာဏာပိုင်များက ကြီးကြပ်အရေးယူမှု မရှိသလောက် နည်းပါးနေခြင်းအပေါ် ပြည်ထောင်စုအစိုးရကနေပြီးတော့မှ ကိုင်တွယ်ဖြေရှင်းပေးဖို့ဆိုတဲ့ တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒေါက်တာစန်းမောင်မောင် ရဲ့ အဆိုဟာ အရေးကြီးပါတယ်။ အဲဒီတော့ ရှေ့မှာ ဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်တွေကတော့ ပညာရှင်တွေလည်းဖြစ်တော့ ဥပဒေပိုင်းနဲ့ ကျန်းမာရေးရှုထောင့်ကနေ ဆွေးနွေးသွားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒေါက်တာစန်းမောင်မောင် တင်သွင်းတဲ့ အဆိုကို အစိုးရကနေပြီးတော့ အလေးထားဆောင်ရွက်ဖို့အတွက် တိုက်တွန်းမှုကို ထပ်ပြီးတော့ တိုက်တွန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရကို ပြည်သူလူထုက ယုံကြည်ပြီးတော့မှ မဲပေးခဲ့တယ်။ သူတို့မှာ သူတို့ရဲ့ မျှော်လင့်ချက်တွေ၊ သူတို့ရဲ့ အိမ်မက်တွေ ရှိပါတယ်။ အဲဒီ အိမ်မက်တွေ၊ မျှော်လင့်ချက်တွေ ရှိသလိုပဲ ကျွန်တော်တို့ အစိုးရမှာလည်း ကိုယ့်ရဲ့ပန်းတိုင်၊ ကိုယ်ရဲ့အိမ်မက်တွေ၊ ကိုယ့်ရဲ့ မျှော်မှန်းချက်တွေရှိပြီး ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ရှိထားတဲ့ ပန်းတိုင်ကို ရောက်ဖို့ ကျွန်တော်တို့ ရှိထားတဲ့ ဒီမျှော်လင့်ချက်တွေ အကောင်အထည်ဖော်ဖို့ဆိုတဲ့အခါမှာ ဖော်နိုင်ဖို့ကိစ္စဟာ ဘာတွေ အရေးကြီးလဲဆိုရင် မိမိဘယ်နေရာမှာ ရောက်ရှိနေတယ်ဆိုတာကိုလည်း သိဖို့လိုပါတယ်။ မိမိ ရောက်ရှိနေတဲ့နေရာကနေ ဘယ်နေရာမှာရှိတယ်ဆိုတာ သိမှသာလျှင် ကျွန်တော်တို့က ကိုယ်တာဝန် ထမ်းဆောင်နေတဲ့ အချိန်ကာလလေးကို ဘယ်လိုစီမံခန့်ခွဲပြီးတော့မှ အချိန်ကို ခွဲဝေအသုံးချမလဲဆိုတာ များစွာ အရေးကြီးပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် ကျွန်တော်တို့ စနစ်ဆိုးရဲ့အောက်မှာ နှစ်ပေါင်း(၅၀)ဝန်းကျင်လောက် ဖြတ်သန်းပြီးတဲ့ကာလမှာ ကမ္ဘာပေါ်မှာ နှစ်စဉ်နဲ့အမျှ ထုတ်ပြန်နေတဲ့ စစ်တမ်းတွေအရ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ထိပ်ဆုံးမှာ ပါနေပြီဆိုရင် သေချာပါတယ်။ အဲဒီ ခေါင်းစဉ်ဟာ မကောင်းတဲ့ခေါင်းစဉ်၊ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရမယ့်ခေါင်းစဉ် ဖြစ်နေတယ်။ အဲဒီလိုပဲ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူရမယ့်ခေါင်းစဉ်အောက်မှာ စစ်တမ်းအရ ထွက်လာခဲ့ရင်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အောက်ဆုံးမှာ ရှိနေပါလိမ့်မယ်။ အဲဒီတော့ ဒီလိုအခြေအနေကနေ ကျွန်တော်တို့ ရုန်းထွက်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့မှာ ခုနတုန်းကပြောတဲ့ အားသာချက်၊ အားနည်းချက်တွေကို လိုက်ကြည့်ပြီးတော့မှ ဒီကနေ ရုန်းထွက်နိုင်ဖို့အတွက် ကြိုးစားရမယ့်အခွင့်အရေး ရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေမှာ ဒီအခြေအနေ၊ အခုလက်ရှိအခြေအနေကနေ ရုန်းထွက်ဖို့ ဆိုလို့ရှိရင် အကြောင်းအရာတွေ များစွာရှိတဲ့အထဲက ဒေါက်တာစန်းမောင်မောင် ရဲ့ အဆိုဟာ အကြောင်းအရာတစ်ခုအနေနဲ့ ပါဝင်ပတ်သက်ပါတယ်။ အကြောင်းအရာတစ်ခု အောင်မြင်ဖို့ ဆိုလို့ရှိရင် ကျွန်တော်တို့ Action Plan ရှိမှ အောင်မြင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေတွေ၊ နည်းဥပဒေတွေ ရေးဆွဲထုတ်ပြန်ပြီးတော့မှ ကျင့်သုံးမှု မရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့ အစိုးရအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှု မရှိဘူးလို့ ဒီလိုပဲ ဝေဖန်ရမှာ ဖြစ်ပါတယ်။

နောက်အချက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့ စနစ်ဆိုးရဲ့ အမွေဖြစ်တဲ့ ဒီ ပြယုဂ်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ဥပဒေ၊ လူ့ကျင့်ဝတ်တွေ၊ ဂုဏ်သိက္ခာတွေ ဆိုတာက မိမိရဲ့အတ္တအတွက်၊ မိမိရဲ့ ကိုယ်ကျိုးဆန္ဒအတွက် လွန်ခဲ့တဲ့နှစ်ပေါင်း(၃၀၊ ၄၀)မှာ သုံးခဲ့ပြီးသား ဖြစ်တဲ့အတွက် ခုအချိန်မှာ အင်မတန့် အင်မတန် နည်းပါးပြီလို့တောင်မှ ကျွန်တော်တို့ ပြောလို့ရပါတယ်။ အဲဒီတော့ နှစ်ပေါင်း ဒီကာလအခြေအနေမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို ကျွန်တော်တို့ အစိုးရ

ကိုယ်တိုင်က သိပြီးတော့မှ ဒီကနေ ရုန်းထွက်ဖို့လိုအပ်သလို ပြည်သူလူထုက ကျွန်တော်တို့အပေါ်မှာ ယုံကြည်အားကိုးစွာနဲ့ မဲပေးခဲ့တဲ့ဟာကိုလည်း ပြန်ပြီးတော့ သတိရဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဒေါက်တာစန်းမောင်မောင် ရဲ့ အဆိုမှာ အပိုင်း(၃)ပိုင်းရှိတယ်။

ရေးဆွဲပြဋ္ဌာန်းပြီးတဲ့ဥပဒေကို ပြည်သူတွေ လိုက်နာကျင့်သုံးမှုမရှိဘူးဆိုတဲ့အပိုင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေကနေပြီးတော့မှ ကြီးကြပ်အရေးယူရမယ့်အပိုင်း ဆိုပြီးတော့ ရှိပါတယ်။ အဲဒီအထဲမှာ ပထမအချက်ဖြစ်တဲ့ ပြည်သူလူထု ဆိုတဲ့အထဲမှာ ကျွန်တော် ထုတ်လုပ်တဲ့သူ၊ စိုက်ပျိုးရောင်းချတဲ့သူတွေ၊ နောက်တစ်ချက်က ဒီ သုံးစွဲတဲ့သူ ပါ ပါတယ်။ အဲဒီတော့ အဲဒီအထဲမှာ ခုနတုန်းက ဒေါက်တာဇော်လင်းထွဋ် ဆွေးနွေးသွားသလိုပဲ (၁၈)နှစ်မပြည့်သေးတဲ့ ကလေးတွေကို ဥပဒေထဲမှာ ဆေးလိပ်သော်လည်းကောင်း ကျွန်တော်တို့ ဒီ မရောင်းရဘူးလို့ ပြောပေမယ့်လည်း ကျွန်တော် တို့မြန်မာနိုင်ငံတစ်နံတစ်လျားမှာရှိတဲ့ လ္ဘက်ရည်ဆိုင်တွေ၊ ကျွန်တော်တို့ ဒီဆိုင်တွေမှာ သွားကြည့်မယ်ဆိုလို့ရှိရင် ရောင်းနေတဲ့အပြင်ကိုမှ သုံးစွဲတဲ့သူတွေက ကလေးတွေကို၊ စားပွဲထိုးကလေးတွေကို ဒီ ဆေးလိပ် မီးသွားညှိပေးပါ ဆိုပြီးတော့မှ ပြောတာတွေ ရှိပါတယ်။ အဲဒီလိုပြောတဲ့အခါမှာ ဒီကလေးတွေက ဆေးလိပ်တွေကို သွားပြီးတော့ မီးညှိတယ်။ ပြီးတော့ Customer ကို ပေးတယ်။ အဲဒီလိုပေးတဲ့အခါမှာ ဒီကလေးတွေ ဆေးလိပ်သောက်တတ်အောင် ကျွန်တော်တို့က သင်ပေးလိုက်သလို ဖြစ်သွားပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ဆေးလိပ်သောက်တတ်အောင် သင်ပေးတာ မဟုတ်ဘဲနဲ့ ရှိထားပြီးသား ဥပဒေတွေကို လိုက်နာဆောင်ရွက်ရမယ်၊ ကျွန်တော်တို့ ကျင့်ကြံရမယ်ဆိုတာမျိုး ကျွန်တော်တို့ မဟုတ်တော့ဘဲနဲ့ ဥပဒေဟာ အလေးထားစရာမလိုဘူး။ ဥပဒေကို ကျွန်တော်တို့ မသိကျိုးကျွံ ပြုထားမယ် ဆိုပြီးတော့မှ အဲဒီလိုအနေအထားမျိုးရောက်အောင် သင်ပေးလိုက်သလို ဖြစ်သွားတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က တိုင်းပြည်တစ်ခုအနေဖြင့်ဆိုရင် ရေးဆွဲထားပြီးသား ဥပဒေတွေကို လက်ခံကျင့်သုံးပြီးတော့မှ ဆောင်ရွက်နိုင်မှသာ ကျွန်တော်တို့အနေနဲ့ အောင်မြင်တဲ့ ဒီအစိုးရရဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဆိုလို့ရှိရင် အခုကျွန်တော်တို့ ဒီ ဒေါက်တာစန်းမောင်မောင် ရဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုင်ရာ ထိန်းချုပ်ရေး၊ သုံးစွဲမှုထိန်းချုပ်ရေးဥပဒေကို ကျွန်တော်တို့ ပြည်သူလူထုရော၊ ကျွန်တော်တို့ ဒီ အစိုးရအဖွဲ့ဝင်တွေရော ပူးပေါင်းပြီးတော့မှ ဆောင်ရွက်ရမှာဖြစ်တယ်။ အဲဒီနောက်ဆုံးအချက်မှာ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီ အစိုးရကနေ ကိုင်တွယ်ဖြေရှင်းတဲ့အခါမှာ စိန်ခေါ်မှုများစွာ ရှိပါတယ်။ လိမ်လိမ်မာမာ ပါးပါးနပ်နပ် ကိုင်တွယ်ဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် အစိုးရအဖွဲ့အနေနဲ့ အရေးတယူ ဆောင်ရွက်ပေးဖို့နဲ့ ဒီဟာကို လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် တင်သွင်းထားတဲ့အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကွမ်း၊ ဆေး၊ လက်ဖက် ဧည့်ခံတဲ့ယဉ်ကျေးမှုရှိခဲ့သဖြင့် ကွမ်းယာ၊ ဆေးလိပ်သောက်ခြင်းဟာ ဓလေ့များ ရှင်သန်နေဆဲ ဖြစ်ပါတယ်။ အလားတူ ရပ်ကွက်၊ လမ်းကြိုလမ်းကြားများနှင့် လူစည်ကားရာနေရာများတွင် အများဆုံး တွေ့မြင်ရတဲ့ မြင်ကွင်းမှာ ကွမ်းယာနှင့် ဆေးလိပ်များ၊ ဆေးလိပ်ဆိုင်များပင် ဖြစ်ပါတယ်။ ဆေးလိပ်နှင့် ကွမ်းယာသည် လူသားများအတွက် ပေါ်ပေါက်လာခြင်းဖြစ်သဖြင့် ကျွန်တော်တို့လူသားများ သုံးစွဲခွင့်ရှိပါတယ်။ သို့ရာတွင် စည်းကမ်းတကျ သုံးစွဲတတ်ရန် လိုအပ်ပါတယ်။ နိုင်ငံကြီးသား ပီသလာစေရန်အတွက် ဒီအဆိုကို တင်သွင်းလာသော လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြခဲ့သလို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းခဲ့ပြီးတဲ့ဥပဒေကို ကျွန်တော်တို့ လေးစားလိုက်နာဖို့ လိုပါတယ်။ အထူးသဖြင့် ဥပဒေပြု ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် စံနမူနာပြု ဖြစ်သင့်ပါတယ်။ လွှတ်တော်ပရဝဏ်အတွင်း ကန့်သတ်နယ်မြေများတွင် သုံးစွဲမှု မပြုခြင်း၊ ခွင့်ပြုနေရာများတွင် စနစ်တကျသုံးစွဲခြင်း၊ စွန့်ပစ်ခြင်းတို့ကို စံနမူနာပြု လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆေးလိပ်နှင့် ကွမ်း မသုံးရဇုန် သတ်မှတ်ပြီး စံပြနေရာများ ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ပါတယ်။ ယခုအဆိုမှာ တစ်ဦးတစ်ယောက် ကောင်းမွန်ရုံနှင့် မလုံလောက်ဘဲ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်ပါတယ်။ ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ် သက်ဝင်လှုပ်ရှားလာစေရန် အုပ်ချုပ်ရေးအဖွဲ့၌ တာဝန်ရှိသလို အုပ်ချုပ်ခံလူတန်းစားများကလည်း ပါဝင်လိုက်နာဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ၏ အသက်သွေးကြောသည် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ အိမ်နီးချင်းနိုင်ငံများမှ ကွမ်းယာ၊ ဆက်စပ်ပစ္စည်းများနှင့် စီးကရက်မျိုးစုံတို့ကို ဈေးကွက်ထဲမှာတွင်ကျယ်စွာ မြင်တွေ့နေရပါတယ်။ အခွန်ဆောင်နိုင်မှု ရာခိုင်နှုန်း ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ကျွန်တော်တို့ ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ ဆေးလိပ်ကင်းစင်နယ်မြေ၊

ကွမ်းယာမသုံးရ ဇုန်တွေမှာ အမှန်တကယ် လူထုလိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာမှာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ၁၂-၆-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ ဆွေးနွေး အတည်ပြု မှတ်တမ်းတင်ခဲ့တဲ့အဆိုမှာပါရှိတဲ့၊ ပြည်သူ့နီတိ သင်ခန်းစာတွေမှာပါရှိသော အချက်များနှင့် မိမိတို့ကိုယ်စီ စောင့်ထိန်းလိုက်နာကြရမည့် ကိုယ်ကျင့်တရားများ ကျင့်ကြံလိုက်နာစောင့်ထိန်းကြခြင်းဖြင့် နိုင်ငံကြီးသားပီသစွာ ဆောင်ရွက်နိုင်ကြပါစို့လို့ ပြောကြားရင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ရဲ့ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ဒေါက်တာစန်းမောင်မောင် ရဲ့ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှု၊ အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးရတဲ့ အကြောင်းအရာ(၂)ခု ရှိပါတယ်။

ပထမတစ်ခုက အဆိုရဲ့ ရည်ရွယ်ချက်ကို လေ့လာကြည့်တဲ့အခါမှာ အဆိုရှင်ရဲ့ နိုင်ငံသူ၊ နိုင်ငံသား စိတ်ချမ်းသာစွာဖြင့် ဒီမိုကရေစီဖော်ဆောင်နိုင်ရန်၊ ဒီမိုကရေစီအသီးအပွင့်ကို ခံစားနိုင်ရန်နှင့် မြန်မာနိုင်ငံသားများ၏ ပျှမ်းမျှသက်တမ်း ပိုရှည်လာစေရန် ရည်ရွယ်ပါတယ်လို့ ဆိုထားပါတယ်။ ဒီရည်ရွယ်ချက်(၃)ရပ်ဟာဖြင့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးပြီး လက်တွေ့ဖော်ဆောင်ရမယ့်၊ ကြိုးပမ်းရမယ့် အဓိကအချက်တွေ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ နိုင်ငံ့အနာဂတ်လူငယ်များကို အလေးထားသောအားဖြင့် လူငယ်များအကျိုးကို ထိခိုက်နေသည့် နောင်တွင် ဒီထက်မက ထိခိုက်လာမည်ကို စိုးရိမ်သောကြောင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဥပဒေကို သက်ဆိုင်ရာမှ ကြီးကြပ်ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်နေတာကို ထောက်ပြချင်တဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်ဖို့အတွက် နိုင်ငံသူ၊ နိုင်ငံသား အားလုံး ကျန်းမာဖို့ လိုပါတယ်။ နိုင်ငံရှိ လူသားစွမ်းအားအရင်းအမြစ် ကျန်းမာ

ဖွံ့ဖြိုးပါမှ နိုင်ငံအင်အားရှိမှာ ဖြစ်ပါတယ်။ နိုင်ငံရှိ လူဦးရေများ ကျန်းမာစေရန်အတွက် ပြည်သူ့ကျန်းမာရေးကို အာမခံချက်ပေးနိုင်တဲ့ မူဝါဒများ ကျင့်သုံးဖို့လည်း လိုအပ်မှာဖြစ်သလို တစ်ဖက်မှာ နိုင်ငံသားများရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်သောလုပ်ဆောင်ချက်များကို ရှောင်ရှားရန် ပြဋ္ဌာန်းထားသော ဥပဒေကို အသက်ဝင်အောင် သက်ဆိုင်ရာ တာဝန်ရှိသူတွေက အသက်သွင်းရမှာ ဖြစ်ပါတယ်။ အဆိုရှင် ဖော်ပြချက်အရ (၁၅)နှစ်အထက် နိုင်ငံ့လူဦးရေသန်း(၃၀)ကျော်အနက် ထက်ဝက်ခန့်မှာ နေ့စဉ် ဆေးလိပ်ကို စွဲမြဲစွာ သုံးစွဲနေတယ်လို့ ဖော်ပြထားပါတယ်။ ဖော်ပြထားတဲ့အရေအတွက်ဟာ ဆိုလို့ရှိရင် အင်မတန်မှစိုးရိမ်ရတဲ့ ကိန်းဂဏန်းဖြစ်ပါတယ်။ ဒီအသက်အပိုင်းအခြားထဲမှာ နိုင်ငံ့အနာဂတ်လူငယ်များလည်း အပါအဝင်ပါ။ ကျွန်မတို့ ဥပဒေပြုခွင့်ရှိတဲ့ လွှတ်တော်များက နိုင်ငံ့အနာဂတ်လူငယ်များကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ မသုံးမိစေရန် ဥပဒေဖြင့်ကာကွယ်မှု အပြည့်အဝပေးထားဖို့ လိုအပ်ပါတယ်။ လူငယ်များ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုမှ ကာကွယ်ဖို့ဆိုရင် ပထမဦးစားပေး လုပ်ရမယ့်အရာကနေပြီးတော့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိန်းချုပ်ရမယ့်အစီအစဉ် လိုအပ်ပါတယ်။ တစ်ကမ္ဘာလုံး နိုင်ငံတိုင်းမှာ ဒီ ဆယ်ကျော်သက်လူငယ်များ ဆေးလိပ်သောက်သုံးနေတဲ့ဟာ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ ပြဿနာတစ်ရပ်အနေနဲ့ ရှိနေပါတယ်။

အမေရိကန်နိုင်ငံလူငယ်များ ဆေးလိပ်သောက်သုံးရေး ကာကွယ်တားဆီးရေးမူဝါဒရဲ့ ဖော်ပြချက်အရ (၉၀)ရာခိုင်နှုန်းကျော်သော ဆေးလိပ်သောက်တဲ့လူငယ်များဟာ သူတို့ရဲ့ အသက် (၁၈)နှစ်မတိုင်ခင်မှာ စတင်ခဲ့တယ်လို့ဆိုပြီးတော့ သူတို့ လေ့လာပြုစုထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံအနေဖြင့်လည်း လူငယ်များကို အထူးအလေးထားဆောင်ရွက်ဖို့အတွက် မဟာဗျူဟာချမှတ်ဖို့ လိုအပ်ပါတယ်။ ဥပမာအားဖြင့် ဆေးလိပ်တစ်လိပ်ကို ဝယ်မယ်ဆိုလို့ရှိရင် ဒီလူငယ်ရတဲ့ဝင်ငွေ သို့မဟုတ် သူတို့မိဘဆီကရတဲ့ ဝင်ငွေနှင့် ထိုက်တန်တဲ့ အဖိုးအခမျိုးကိုကနေပြီးတော့ မြှင့်တင်ထားခြင်းမျိုး၊ နောက်တစ်ခုက နေပြီးတော့ သူတို့ အလွယ်တကူရရှိအောင် မဆောင်ရွက်နိုင်တာမျိုး လုပ်ရပါမယ်။ ဥပမာအားဖြင့် ကျွန်မတို့ ဒီပြဋ္ဌာန်းချက်ဥပဒေမှာ ရှိပါတယ်။ ပုဒ်မ ၁၄ မှာနေပြီးတော့ ရှေ့က ကိုယ်စားလှယ်တွေ ကိုးကားပြီးတော့ ပြောကြပါတယ်။

ပုဒ်မခွဲ(ဃ)မှာ ဆိုလို့ရှိရင် အသက်(၁၈)နှစ် မပြည့်သောသူများအား ဆေးလိပ်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း၊ (၅)မှာ ဆိုလို့ရှိရင် အသက်(၁၈)နှစ် မပြည့်သေးသောသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချဖို့ရန်အတွက် ခိုင်းစေခြင်း၊ ကျွန်မတို့နိုင်ငံမှာ ဥပဒေတွေက လှလှပပရေးထားပါတယ်။ ဒါပေမဲ့ တကယ်တမ်းလက်တွေ့မှာ ဒီဥပဒေက အသက်မဝင်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ နောက်တစ်ခုက ဆေးလိပ် လာဝယ်တယ်။ ဒီ ဆေးလိပ် လာဝယ်တာကို ဒီဥပဒေနှင့်အညီ အသက်(၁၈)နှစ် ပြည့်ပြီလားဆိုတဲ့ မေးခွန်းကို မမေးပါဘူး။ အမှန်တကယ် နိုင်ငံတကာမှာ ဆိုလို့ရှိရင် နိုင်ငံတကာကို စံချိန်မီအောင်လိုက်နေကြတဲ့၊ လိုက်နေတဲ့ ကျွန်မတို့နိုင်ငံအနေနဲ့ နိုင်ငံတကာ စံချိန်စံညွှန်းမှာ ဆိုလို့ရှိရင် သူတို့ဟာ ID ကတ်ကို တောင်းပါတယ်။ ဒီကျောင်းသားတစ်ယောက်သည် ဒီလူတစ်ယောက်သည် အသက်(၁၈)နှစ် ပြည့်ပြီလားဆိုတဲ့ဟာကို တကယ့်ကတ်ကို ပြပြီးတော့မှ သူတို့ဝယ်ရပါတယ်။ ဒီလိုမျိုး ကျွန်မတို့နိုင်ငံလည်း ဥပဒေစိုးမိုးဖို့ လိုပါတယ်။

နောက်တစ်ခုက နောက်တစ်ချက်ကနေပြီးတော့ အဆိုရှင်ရဲ့ ဆေးရွက်ကြီးတွင်ပါသည့် ကွမ်းစားနှုန်းမှာလည်း အသက်(၁၅)နှစ်အထက် အမျိုးသားရာခိုင်နှုန်း(၅၁)ရာခိုင်နှုန်း၊ အမျိုးသမီး (၁၆) ရာခိုင်နှုန်းဆိုပြီးတော့ ဖော်ပြထားပါတယ်။ ရှေ့က ကိုယ်စားလှယ်များ ဆွေးနွေးသွားကြသည့်အတိုင်း မြန်မာဟာဆိုလို့ရှိရင် ကမ္ဘာ့စံချိန် ချိုးတဲ့နေရာမှာ ဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံ့ဂုဏ်သိက္ခာကို ထိခိုက်နိုင်တဲ့ စံချိန်ချိုးမှုရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒါကို ကျွန်မတို့လက်ထက်မှာ ပြေပျောက်သွားအောင် ကြိုးစားဖို့လိုပါတယ်။ အဲဒီလိုမျိုး အဓိကအားဖြင့် ဒီမှာ ဖော်ပြထားတာကတော့ ဒီ ကွမ်းစားဆေးကို သုံးတဲ့ ကျွန်မတို့နိုင်ငံက ပထမဖြစ်နေပေမယ့် တကယ်တမ်း ထုတ်လုပ်ရောင်းချနေတဲ့နိုင်ငံက ကျွန်မတို့ နိုင်ငံ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ဒီအဆိုမှာလည်း ဖော်ပြထားပါတယ်။ "ကွမ်းယာဆေးပေါင်းများသည် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မှောင်ခိုဝင်သည်။ မြန်မာနိုင်ငံတွင်လည်း အတုထုတ်သည်" ဆိုတာနဲ့ ပတ်သက်ပြီး ဒီဟာကို ကျွန်မ အကြီးအကျယ် တုန်လှုပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံက သူများနိုင်ငံက တရားမဝင် ဝင်လာတယ်။ ကိုယ့်နိုင်ငံမှာလည်း အတုထုတ်လုပ်တယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်မတို့နိုင်ငံမှာ Food Security အစားအသောက်နှင့်ပတ်သက်တဲ့ လုံခြုံရေး လုံးဝ မရှိပါဘူး။ နောက်တစ်ခုက ဒီလိုမျိုး အစားအသောက်နှင့်ပတ်သက်လို့ လုံခြုံရေးမရှိတော့ဘူး ဆိုလို့ရှိရင် ပြည်သူများရဲ့ ကျန်းမာရေး လွန်စွာထိခိုက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့သည် ဒီအချိန်ကစပြီးတော့ နိုင်ငံရဲ့ အစီအစဉ်တစ်ရပ်အနေနဲ့ National Plan အနေနဲ့ (၂၁)ရာစုမှာ ကျွန်မတို့ နိုင်ငံတကာကို တက်လှမ်းဖို့ဆိုလို့ရှိရင် ကျွန်မတို့ လူငယ်တွေကို အလေးထားရမှာ ဖြစ်ပါတယ်။ ဒီနှစ်ကစပြီးတော့ ဒီဥပဒေတွေ အသက်ဝင်စေဖို့ ဆိုလို့ရှိရင် နောင်နှစ်(၂၀)မှာ ကျွန်မတို့နိုင်ငံသည် ဆေးလိပ်ကင်းစင်တဲ့ ဇုန်ဖြစ်အောင် ကျွန်မတို့ ဖန်တီးလို့ရပါတယ်။ ကြိုးစားလို့ရပါတယ်။ မဖြစ်နိုင်ဘူး ဆိုတာ မရှိပါဘူး။ မကြိုးပမ်းသေးလို့သာ ကျွန်မတို့ မဖြစ်နိုင်တာ ရှိရပါမယ်။

ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီနေ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က တင်သွင်းတဲ့ ဒေါက်တာစန်းမောင်မောင် ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ ကျွန်မတို့ အနေနဲ့လည်း တာဝန်ယူပြီးတော့ ပြည်သူတွေကြားမှာ အထူးသဖြင့် လူငယ်တွေကြားမှာ ဒီနေ့က စပြီးတော့၊ ဒီဥပဒေ အသက်ဝင်တဲ့နေ့ကစပြီးတော့ လူငယ်တွေအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များ (၂၀)ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]